ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )**

**[အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၆-၂-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာစိုင်းဆိုင်ကျော့ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ AIGE အစည်းအဝေးသို့ တက်ရောက်ရန်။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်းနှင့် ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြို့နယ်တရားရုံးတွင် ပေးဆောင်ခဲ့ရသည့် ဒဏ်ငွေကို တိုင်းဒေသကြီး တရားလွှတ်တော်က ပြန်လည် ထုတ်ပေးစေသည့် အမိန့်ပါရှိရာတွင် သက်ဆိုင်သည့် အမှုသည်ထံသို့ အမှန်ကန်ဆုံးနှင့် အမြန်ဆုံး ပြန်လည်ထုတ်ပေးနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့် အခြားသော သက်သေခံပစ္စည်း၊ ငွေကြေးတို့ကို ပြန်လည်ထုတ်ပေးရာ၌လည်း မှန်ကန်/မြန်ဆန်စေရန် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း က မြို့နယ်တရားရုံးတွင် ပေးဆောင်ခဲ့ရသည့် ဒဏ်ငွေကို တိုင်းဒေသကြီး တရားလွှတ်တော်က ပြန်လည်

ထုတ်ပေးစေသည့် အမိန့်ပါရှိရာတွင် သက်ဆိုင်သည့် အမှုသည်ထံသို့ အမှန်ကန်ဆုံးနှင့် အမြန်ဆုံး ပြန်လည်ထုတ်ပေးနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့် အခြားသော သက်သေခံပစ္စည်း၊ ငွေကြေးတို့ကို ပြန်လည်ထုတ်ပေးရာ၌လည်း မှန်ကန်/ မြန်ဆန်စေရန် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဒီနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြ မေးခွန်းမှာ အပိုင်း(၂)ပိုင်း ပါရှိမှာဖြစ်ပါတယ်။

ပထမတစ်ပိုင်းဖြစ်တဲ့ မင်းဘူးမြို့နယ် တရားရုံးမှာ တရားစွဲခံရသူများဖြစ်ကြတဲ့ ပြစ်မှုကြီး ၁၀၃၈/၂၀၁၄ မှ ဦးကျော်သူထွန်း၊ ၁၀၃၉/၂၀၁၄ မှ ဦးစိုးဝင်း၊ ၁၀၄၀/၂၀၁၄ မှ ဦးကျော်ဆန်း၊ ၁၀၄၁/ ၂၀၁၄ မှ ဒေါ်အေးပိုင်၊ ၁၀၄၂/၂၀၁၄ မှ ဦးအေးလွင်၊ ၁၀၄၉/၂၀၁၄ မှ ဦးရာထွန်း တို့(၆)ဦးကို ၁၈-၆-၂၀၁၅ ရက်နေ့က ၁၉၃၄ ခုနှစ်၊ ရေနံအက်ဥပဒေပုဒ်မ ၂၃(၁)(က)အရ တစ်ဦး ငွေဒဏ်ကျပ် (၅)သိန်းစီ တပ်ရိုက်ခံခဲ့ရပါတယ်။ ဒီအမိန့်တွေကို မကျေနပ်လို့ မကွေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ချိုချိုအောင် က မကွေးတိုင်းဒေသကြီး တရားလွှတ်တော်ကို ပြင်ဆင်မှုများ တင်သွင်းခဲ့ရာမှာ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၉(ခ)/၂၀၁၅ မှ ဦးစိုးဝင်း၊ ၁၀၀(ခ)/၂၀၁၅ မှ ဦးရာထွန်း၊ ၁၀၁(ခ)/၂၀၁၅ မှ ဦးကျော်သူထွန်း၊ ၁၀၂(ခ)/၂၀၁၅ မှ ဦးအေးလွင်၊ ၁၀၃(ခ)/၂၀၁၅ မှ ဦးကျော်ဆန်း၊ ၁၀၄(ခ)/၂၀၁၅ မှ ဒေါ်အေးပိုင် တို့ (၆)ဦးကို ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ ပြောင်းပြီး ဒဏ်ငွေကျပ်(၂)သောင်းစီနှင့် ထောင်ဒဏ်(၆)လစီ ကျခံစေဖို့ ၂၀-၁၀-၂၀၁၅ ရက်နေ့က အမိန့်ချခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်ရဲ့ စီရင်ချက်များမှာ အပြစ်ပေးခံရသူမှ မူလရုံးတွင် ငွေဒဏ်ပေးဆောင်ပြီးဖြစ်ပါက ပြန်လည်ထုတ်ပေးစေလို့ ပါရှိပါတယ်။ ဖော်ပြခဲ့တဲ့ အမှုသည်(၆)ဦးဟာ မင်းဘူးမြို့နယ် တရားရုံးမှာ ဒဏ်ငွေကျပ်(၅)သိန်းစီ ပေးဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ပြောင်းလဲအမိန့်ချလို့ ငွေဒဏ်ကျပ်(၂)သောင်းစီပေးဆောင်ပြီး ထောင်ဒဏ်(၆)လစီ ကျခံပြီးလို့ မြို့နယ်တရားရုံးမှာ ပေးဆောင် ခဲ့ရတဲ့ ဒဏ်ငွေကျပ်(၅)သိန်းစီ၊ စုစုပေါင်းငွေကျပ်သိန်း(၃၀) ပြန်ထုတ်ရရှိရေး လျှောက်ထားရာမှာ (၂)နှစ်ကျော်ကြာတဲ့အထိ ပြန်လည်ထုတ်ယူမရရှိလို့ သက်ဆိုင်တဲ့ အမှုသည်ထံကို မှန်ကန်ဆုံးနဲ့ အမြန်ဆုံး ပြန်လည်ထုတ်ပေးနိုင်ရန် ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလို၍ မေးမြန်းရပါတယ်။ မေးခွန်းမေးမြန်း ပြီးတဲ့နောက်ပိုင်း ပြီးခဲ့တဲ့ ၅-၁-၂၀၁၈ ရက်နေ့က သက်ဆိုင်တဲ့ အမှုသည်များက ဒဏ်ငွေစုစုပေါင်း ကျပ်သိန်း(၃၀)လုံး ပြန်ထုတ်ရပြီဖြစ်ကြောင်းလည်း အကြောင်းကြားလာပါတယ်။

ဒီနေရာမှာ တရားရုံးတွေက ရရှိတဲ့ ဒဏ်ကြေးငွေတွေကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ စာရင်းထဲ ပေးသွင်းထားရပြီး အခုလို ပြန်ထုတ်ပေးရမယ့် အခြေအနေမျိုးဖြစ်လာရင် ရသုံးမှန်းခြေ ငွေစာရင်းအရ အနီးဆုံး ဘဏ္ဍာနှစ် သာမန်ရငွေရဲ့ အနှုတ်ပြန်ပေးငွေ ၅၀၊ ပြန်ပေးငွေ ခေါင်းစဉ်

အောက်မှာ ထည့်သွင်းရေးဆွဲတာ၊ တိုင်းတရားလွှတ်တော်က တိုင်းရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကို ထုတ်ခွင့်တောင်းတာ၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှ ထည့်သွင်းတောင်းခံနိုင်တာ၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း မထုတ်ပြန်နိုင်မီ ထုတ်ပေးနိုင်ဖို့အတွက် မကွေးတိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများအတွက် ခန့်မှန်းခြေ ငွေစာရင်း ၁၅ ပုဒ်မ ၁၊ (၄) အခြားညှိနှိုင်းရငွေ ညှိနှိုင်းချက်ခေါင်းစဉ်မှာ ခန့်မှန်းခြေထုတ်ပေးငွေ အဖြစ် လျာထားထုတ်ပေးနိုင်တာတွေ ရှိနေပါလျက်နဲ့ အခုလို(၂)နှစ်ကျော်ကြာမှ ထုတ်ပေးနိုင်တာ ဘာကြောင့်လဲဆိုတာကို သိရှိလိုပါတယ်။ ဒုတိယပိုင်းအနေနဲ့ တရားရုံးများမှာ အခြားသော သက်သေခံ ပစ္စည်းငွေကြေးတို့ကို ပြန်လည်ထုတ်ပေးရာမှာလည်း မှန်ကန်မြန်ဆန်စေရန်အတွက် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်သူများထံ ပြန်ပေးရမယ့် သက်သေခံပစ္စည်းဖြစ်တဲ့ ပစ်ထားရင် ပျက်စီးသွားနိုင်တဲ့ မော်တော်ယာဉ်မှအစ ကျန်ကုန်ပစ္စည်းအမျိုးမျိုးတွေကို လျှောက်ထားထုတ်ယူတဲ့အခါမှာ နှောင့်နှေး ကြန့်ကြာမှုတွေ တွေ့ကြုံနေကြရတာကို ကြားသိနေရပါတယ်။ ဒီနေရာမှာ သက်သေခံပစ္စည်း ပြန်ထုတ် ရဖို့အတွက် လာဘ်ပေးမှ ထုတ်ရတာမျိုးတွေလည်း တရားရုံးပတ်ဝန်းကျင်မှာ မကြားချင်အဆုံး ကြားသိ နေရတာတွေလည်း ပါ ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်က မဲဆန္ဒရှင်တစ်ဦးဆိုရင် အမ်းမြို့နယ် တရားရုံး၊ ရာဇဝတ်မှုအမှတ် ၁၇၆/၂၀၁၇ အမှုက သက်သေခံပစ္စည်းဖြစ်တဲ့ (၆)ဘီးကားတစ်စီးနဲ့ ဆက်စပ်ပစ္စည်း များကို အယူခံပြင်ဆင်ရက်လည်းကျော်ပြီ၊ အယူခံပြင်ဆင်မှုလည်း တင်သွင်းခြင်း မရှိတော့တာတောင် ပြန်ထုတ်ရဖို့ အတော်အခက်အခဲနဲ့ ရင်ဆိုင်နေရတာတွေ ရှိပါတယ်။

တရားသူကြီးဇနီးက သက်သေခံကား ပြန်ရဖို့ ကာယကံရှင် ဒါမှမဟုတ် ကာယကံရှင်ဇနီးက ၎င်းတို့ထံ တိုက်ရိုက်လာခဲ့ဖို့ ကြားလူနဲ့ ငွေပေးငွေယူဆိုရင် အကုန်မရလို့ ပြောတာတွေ၊ တရားသူကြီး ကိုယ်တိုင်က ကာယကံရှင်ရဲ့ မိခင်ကို ဖုန်းနဲ့ငွေပေးဖို့ မပေးရင် အလွယ်တကူ ထုတ်ယူမရအောင် လုပ်ထားလို့ရအောင် လုပ်မယ်ဆိုပြီး ခြိမ်းခြောက်တာတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် ဒီလိုကိစ္စ မျိုးတွေ လျော့နည်းသွားစေဖို့အတွက် အထက်ဖော်ပြပါမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးမြင့်အောင်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရား

လွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မင်းဘူးမြို့နယ် တရားရုံးရဲ့ ပြစ်မှုကြီးအမှတ်- ၁၀၃၈/၂၀၁၄ အပါအဝင် ပြစ်မှု(၆)မှုမှ တရားခံ(၆)ဦး ထမ်းဆောင်ခဲ့တဲ့ ဒဏ်ငွေစုစုပေါင်းကျပ်သိန်း(၃၀)ကို မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်ကို ၁၉-၆-၂၀၁၅ ရက်နေ့မှာ ချလန်အမှတ်-၃၆ နဲ့ ပေးသွင်းခဲ့ပါတယ်။ အဲဒီအမှုမှာ ချမှတ်ခဲ့တဲ့ မြို့နယ် တရားရုံးရဲ့ စီရင်ချက်နဲ့ အမိန့်များကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်ရဲ့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၁(ခ)/ ၂၀၁၅ အပါအဝင် ပြင်ဆင်မှု(၆)မှုမှာ လျှောက်ထားခံရသူအပေါ် မှာ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အလုပ်နှင့်ထောင်ဒဏ်(၆)လစီ ကျခံစေဖို့နဲ့ ငွေဒဏ်ကျပ်(၂)သောင်းစီ ပေးဆောင်စေကြဖို့ ဒဏ်ငွေမဆောင်က နောက်ထပ်(၆)လစီ ကျခံစေကြဖို့ အမိန့်ချမှတ်တဲ့အခါမှာ တရားခံတွေအသီးသီးက မူလရုံးမှာ ဒဏ်ဆောင်ပြီးဖြစ်ရင် ပြန်လည်ထုတ်ပေး စေရန် ပြင်ဆင်အမိန့်ချခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်ရဲ့ ပြင်ဆင်မှုများမှာ ချမှတ်တဲ့အမိန့်တွေအရ တရားခံတွေက မင်းဘူးမြို့နယ် တရားရုံးရဲ့အမိန့်ကို လိုက်နာပြီး ပေးသွင်းထားတဲ့ ဒဏ်ငွေကျပ် သိန်း(၃၀) တိတိကို ပြန်လည်ထုတ်ပေးနိုင်ဖို့အတွက် ငွေထုတ်ခွင့်ကန့်သတ်ချက် တိုးမြှင့်လျာထားပေးဖို့ မင်းဘူး မြို့နယ်တရားရုံးရဲ့ ၁၇-၂-၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၁၉/၁-၃/၂၀၁၅-၂၀၁၆ ဖြင့် မင်းဘူးခရိုင် တရားရုံးမှတစ်ဆင့် မကွေးတိုင်း တရားရေးဦးစီးမှူးထံ တင်ပြခဲ့ပါတယ်။ မကွေးတိုင်း တရားရေး ဦးစီးမှူးရုံးက ၁၅-၆-၂၀၁၆ ရက်စွဲပါစာနဲ့ ပေးသွင်းထားတဲ့ ဒဏ်ငွေကျပ်သိန်း(၃၀)တိတိကို မူလတရားခံ တွေကို ပြန်ထုတ်ပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ၊ သာမန်ရငွေ အနှုတ် ၅၀ ပြန်ပေးငွေ ခေါင်းစဉ်အောက်က ပြန်လည်ထုတ်ယူခွင့်ပြုဖို့ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနကို အကြောင်းကြားပေးပို့ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ၂၃-၆-၂၀၁၆ ရက်စွဲပါစာနဲ့ မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း၊ သာမန်ရငွေရဲ့ အနှုတ်ပြန်ပေးငွေခေါင်းစဉ်အောက်မှာ ကျပ်တစ်သိန်းတိတိသာ လျာထားထားတာကို တွေ့ရတဲ့အတွက်၊ လျာထားငွေလုံလောက်မှုမရှိတဲ့အတွက် ထုတ်ယူ၍ မရတဲ့အကြောင်း ပြန်ကြားခဲ့ ပါတယ်။ မကွေးတိုင်း တရားရေးဦးစီးမှူးက ၁၉-၉-၂၀၁၆ ရက်စွဲပါစာနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းမှာ အနှုတ်ပြန်ပေးငွေခေါင်းစဉ်အောက်က ကျပ်သိန်း(၃၀)တိတိ ထည့်သွင်းလျာထား တောင်းခံတင်ပြခဲ့တဲ့အတွက် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ၃၁-၁-၂၀၁၇ နေ့စွဲပါစာနဲ့ တိုင်းဒေသကြီး တရားလွှတ်တော်ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ ခွင့်ပြုပေးခဲ့ပါတယ်။

သို့သော်လည်းပဲ အဲဒီအမှု(၆)မှုက ဒဏ်ငွေကျပ်သိန်း(၃၀) ပြန်လည်ထုတ်ပေးခွင့်ပြုဖို့ မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးက တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကို စာဖြင့် ထပ်မံပြီး အချိန်မီတင်ပြ တောင်းခံနိုင်ခဲ့ခြင်း မရှိခဲ့တဲ့အတွက် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း

ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သာမန်ရငွေ၊ အနှုတ်ပြန်ပေးငွေ ခေါင်းစဉ်အောက်က အဆိုပါ(၆)မှုနဲ့ စပ်လျဉ်းပြီး ပြန်ထုတ်ပေးရမယ့်ငွေ ကျပ်သိန်း(၃၀)တိတိကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူနိုင်ခဲ့ခြင်းမရှိပါ။

ဒီနေရာမှာ ဖြည့်စွက်တင်ပြလိုတာက ကျွန်တော်တို့ ပေးသွင်းထားတဲ့ ဒဏ်ငွေတွေက အချိန်လွန်အပ်ငွေဖြစ်သွားတဲ့အတွက် ကျွန်တော်တို့ ရသုံးဦးစီးဌာနကို သီးခြားခွင့်ပြုချက် တောင်းခံရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရဲ့ ၁၄-၈-၂၀၁၇ ရက်နေ့ ရက်စွဲပါစာနှင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေစာရင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အနှုတ်ပြန်ပေးငွေ ခေါင်းစဉ်အောက်က ကျပ်သိန်း(၅၀)တိတိကို ဖြည့်စွက်တင်ပြ တောင်းခံထားရှိခဲ့ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ၂၇-၁၂-၂၀၁၇ ရက်စွဲပါစာနှင့် မင်းဘူးမြို့နယ် တရားရုံးရဲ့ အမိန့်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာပေးဆောင်ခဲ့တဲ့ ဒဏ်ငွေကျပ်သိန်း(၃၀)တိတိကို ပြန်လည်ထုတ်ပေးနိုင်ဖို့အတွက် ရသုံးမှန်းခြေငွေစာရင်းအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်ရငွေ၊ အနှုတ်ပြန်ပေးငွေ ခေါင်းစဉ်အောက်မှာ ဒဏ်ငွေများ ပြန်လည်ထုတ်ယူခွင့်ပြုရန် ကိစ္စနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၄၇/၂၀၁၇) ဆုံးဖြတ်ချက်အရ သဘောတူခွင့်ပြုတဲ့အကြောင်း တိုင်းဒေသကြီး တရားရေး ဦးစီးမှူးရုံးကို အကြောင်းကြားခဲ့ပါတယ်။ အဲဒီစာအရ တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးက ၂၉-၁၂-၂၀၁၇ နေ့စွဲပါစာနှင့် မင်းဘူးမြို့နယ် တရားရုံးကို ဆိုခဲ့တဲ့ (၆)မှုက သက်သေခံငွေ ကျပ်သိန်း(၃၀)တိတိဟာ ၁-၁၀-၂၀၁၁ ရက်နေ့နောက်ပိုင်း တိုင်းဒေသကြီး ရန်ပုံငွေရဲ့ ငွေထုတ်စာရင်းမှာ ပေးသွင်းထားကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ဒီ ကျပ်သိန်း(၃၀)ကို ထုတ်ပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေရဲ့ သာမန်ရငွေ၊ အနှုတ်ပြန်ပေးငွေ ခေါင်းစဉ်အောက်က ခွင့်ပြုပြီးတဲ့နောက် မင်းဘူးမြို့နယ် တရားရုံးပြစ်မှုကြီးအမှတ်- ၁၀၃၉/၂၀၁၄ မှ တရားခံ ဦးစိုးဝင်း အပါအဝင် (၆)ဦးတို့အပေါ်မှာ ထုတ်ပေးရန်ရှိတဲ့ ဒဏ်ငွေကျပ်(၅)သိန်းစီဖြင့် စုစုပေါင်းကျပ်သိန်း(၃၀)တိတိကို ၅-၁-၂၀၁၈ ရက်နေ့မှာ ပြန်လည်ထုတ်ပေးပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အခြားသော သက်သေခံပစ္စည်းငွေကြေးတွေကို ပြန်လည်ထုတ်ပေးရာမှာလည်း မှန်ကန်မြန်ဆန်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာအမှုကို အယူခံဝင်ရောက်ခြင်းမရှိပါက အယူခံဝင်ခွင့်ကာလ ကုန်ဆုံးပြီးနောက် ပြန်လည်ထုတ်ပေးလျက်ရှိကြောင်းနှင့် အယူခံပြင်ဆင်မှု တက်ရောက်တဲ့ အမှုတွေမှာ အဲဒီအမှုတွေ ဆုံးဖြတ်ပြီးစီးသည်အထိ စောင့်ဆိုင်းပြီး အမြန်ဆုံးစိစစ် ထုတ်ပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမည့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ စစ်တွေမြို့နယ်၊ သင်ပုန်းတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်းကျေးရွာသည် အိမ်ခြေ(၄၃၆)လုံး လူဦးရေ(၂၆၁၆)ဦးရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ ၎င်းကျေးရွာ၌ သင်ပုန်းတန်း အ.ထ.က(ခွဲ)ကို ဖွင့်လှစ်သင်ကြားခဲ့သည်မှာ ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှဖြစ်၍ (၁၃)နှစ်ကျော်ကြာခဲ့ပြီး ဖြစ်ပါတယ်။ သမိုင်းစဉ်အရ သင်ပုန်းတန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ဗြိတိသျှတို့ အုပ်စိုးစဉ် မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်ကပင် ဖွင့်လှစ်ခဲ့ပြီး သင်ပုန်းတန်း အခြေခံပညာအလယ်တန်းကျောင်းကို ဖ.ဆ.ပ.လခေတ် ၁၉၅၃ ခုနှစ်က ဖွင့်လှစ်ခဲ့သဖြင့် သင်ပုန်းတန်း အ.လ.ကကျောင်း သက်တမ်းသည်ပင်လျှင် (၆၄)နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ သင်ပုန်းတန်း အ.ထ.က(ခွဲ)သည် စစ်တွေမြို့မှ (၁၃)မိုင်ခန့် ကွာဝေးပြီး ပင်မအ.ထ.က(၉)စစ်တွေနှင့် (၇)မိုင်ခန့်ကွာဝေးပါတယ်။ ကျောင်းတက်ရန်အတွက် ကား၊ ဆိုင်ကယ်တို့ဖြင့်သွားလျှင်ပင် အလွန်ဝေးကွာလှပါတယ်။ သင်ပုန်းတန်းအ.ထ.ကအဖြစ် တိုးမြှင့်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးအပါအဝင် မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးတို့ကလည်း ထောက်ခံချက်ပေးထားပြီး၊ ရခိုင်ပြည်နယ် ပညာရေးမှူးရုံး သို့ တင်ပြထားပြီးဖြစ်ပါတယ်။

သင်ပုန်းတန်းအ.ထ.က(ခွဲ)တွင် စာသင်ဆောင်သစ်(၄)ဆောင်ရှိပြီး နှစ်ထပ်ဆောင်(၁)ဆောင်၊ တစ်ထပ်ဆောင်(၂)ဆောင်နှင့် အဆောင်ဟောင်း (၁)ဆောင်ရှိပါတယ်။ ဆရာ၊ ဆရာမ ဦးရေ(၄၀)ရှိပြီး ကျောင်းသူ၊ ကျောင်းသား(၆၂၂)ဦးရှိပါတယ်။ အ.ထ.ကဖြစ်လာပါက ကျောင်းသား အများအပြား တိုးလာဦးမယ်ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါ အ.ထ.ကကျောင်းဆောင်တွေပဲ

ဖြစ်ပါတယ်။ ဒါလည်း တစ်ထပ်ကျောင်းဆောင်။ ဟုတ်ကဲ့။ ကျောင်းဆောင်တွေပါ။ ဒါ ဘေးတိုက်နှစ်ထပ်ကျောင်းဆောင်ပါ။ ဒါလည်း ပထမကျောင်းဆောင် တစ်ထပ်(၁)အဆောင်ပါ။ ဒါလည်း ကျောင်းဆောင်ပါ။ ဒါလည်း တစ်ထပ်ကျောင်းဆောင်။ ဒါလည်း တစ်ထပ်ကျောင်းဆောင်တွေပါ။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာသင်ခန်း(၁၈)ခန်းရှိသဖြင့် အ.ထ.ကဖြစ်လာပါကလည်း စာသင်ဆောင်၊ စာသင်ခန်း လုံလောက်မှုရှိပါတယ်။ စာသင်ခုံ၊ ထိုင်ခုံ၊ ပရိဘောဂများလည်း လုံလောက်မှုရှိပါတယ်။ အထက်တန်းအဆင့် (၉)တန်းနှင့် (၁၀)တန်းတွင် လောလောဆယ် ကျောင်းသား၊ ကျောင်းသူ(၁၂၆)ဦး ရှိပြီး အထက်တန်းပြဆရာ(၇)ဦးခန့် ခန့်ထားပေးပြီးဖြစ်သဖြင့် ဆရာ၊ ဆရာမလည်း လုံလောက်မှုရှိပါတယ်။ သင်ပုန်းတန်းအ.ထ.က(ခွဲ)၏ ပတ်ဝန်းကျင်တွင် မောင်နီပြင်ကျေးရွာ၊ ပျားလေချောင်း၊ ရွာဟောင်း၊ ရွာသစ်ကျေးရွာ၊ ရေချမ်းပြင်ကျေးရွာ၊ အောင်ဒိုင်ကျေးရွာ၊ ကျက်တောပြင်ကျေးရွာများရှိပြီး အောင်ဒိုင်ကျေးရွာတွင် အလယ်တန်းကျောင်း၊ ရေချမ်းပြင်ကျေးရွာတွင် မူလတန်းကျောင်းရှိပါတယ်။

ဒါကြောင့် ပညာခေတ်တွင် ရခိုင်ပြည်နယ်မှ မဖွံ့ဖြိုးမတိုးတက်သေးသော သင်ပုန်းတန်းကျေးရွာအုပ်စု ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာအထက်တန်းကျောင်းကို အခက်အခဲမရှိ ကောင်းစွာသင်ယူနိုင်ရေးအတွက် စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အ.ထ.က(ခွဲ)ကို အ.ထ.ကအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အဆောင်သစ်(၂) နောက်ဘက်၏ မြင်ကွင်းပုံ (၈)



အ.ထ.က (ခွဲ) သင်ပုန်းတန်းကျောင်း၊ စစ်တွေမြို့နယ် ကျောင်းနောက်ဘက်၏ မြင်ကွင်းပုံ (ဖ-၁)



အ.ထ.က (ခွဲ) သင်ပုန်းတန်းကျောင်း၊ စစ်တွေမြို့နယ် ကျောင်းရှေ့ဘက်၏ မြင်ကွင်းပုံ (ဖ-၂)



**ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မော်ဟွေ့ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း (မော်ဟွေ့)ကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မော်ဟွေ့ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း (မော်ဟွေ့)ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၂၇။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်ပေါ်ဒေသတိုင်းရင်းသား ရင်သွေးငယ်များ၏ ပညာသင်ကြားရေး အခန်းကဏ္ဍ တိုးချဲ့မြှင့်တင်ပေးနိုင်မည့် မေးခွန်းတစ်ရပ်ကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟိုပန်ခရိုင်၊ မော်ဟွေ့ကျေးရွာအုပ်စု၊ အ.မ.က မော်ဟွေ့သည် သက်တမ်းအားဖြင့် (၃၂)နှစ်ခန့် ဖွင့်လှစ်နိုင်ခဲ့သော စာသင်ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ လက်ရှိ စာသင်နှစ်တွင် ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၃၂)ဦး ပညာသင်ကြားလျက်ရှိပြီး ၎င်းဝန်းရံထောက်ပံ့ပေးနိုင်မည့် အခြေခံပညာမူလတန်းကျောင်း (၄)ကျောင်းရှိပါတယ်။ အ.မ.က-မော်ဟွေ့မှ မူလတန်းအဆင့် သင်ယူပြီးမြောက်သော ကျောင်းသား၊ ကျောင်းသူများသည် အ.ထ.က-ဟိုပန်သို့ ဆက်လက်ပညာသင်ယူကြရပါတယ်။ နေ့စဉ်သွားလာရသော လမ်းကြောင်းသည် ယာဉ်အန္တရာယ်များစွာရှိပါတယ်။ ကလေးများ မော်တော်ဆိုင်ကယ်ဖြင့် ကျောင်းတက်ကြရသော အနေအထားရှိပါတယ်။ ဒါကြောင့် မူလတန်းအဆင့် သင်ယူပြီးမြောက်သော တိုင်းရင်းသား ရင်သွေးငယ်များအားလုံး အလယ်တန်းအဆင့် ဆက်လက်ဆည်းပူးနိုင်ရန် အ.မ.က မော်ဟွေ့အား မူလတန်းလွန် ကျောင်းအဆင့် တိုးမြှင့်ပေးစေလိုပါတယ်။ သို့မှသာ ပတ်ဝန်းကျင်ကျောင်းမှ ကလေးများအတွက်လည်း အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ တောင်ပေါ်တိုင်းရင်းသား ရင်သွေးငယ်များ ပညာသင်ကြားနိုင်ရေးကဏ္ဍ အဆင့်မြှင့်ပေးနိုင်ရန် ၂ဝ၁၈-၂ဝ၁၉ ပညာသင်နှစ်တွင် ဟိုပန်ခရိုင်၊ မော်ဟွေ့ကျေးရွာအုပ်စု၊ အ.မ.က မော်ဟွေ့ကို ကျောင်းအဆင့်မြှင့်တင်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁ဝး၃ဝ။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁ဝး၃ဝ။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကျွန်တော် ဦးဝင်းမော်ထွန်း က

ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝေစိန်အောင် ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဦးစွာ တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ကျောင်းအဆင့်တိုးမြှင့်မှုကို စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၅၀၉၉)ကျောင်းကို သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော စစ်တွေမြို့နယ်အတွင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၃)ကျောင်းကို အဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် သတ်မှတ်မှုများအနေနဲ့ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၂၀၀)ဦးခန့်အထိ ရှိရပါမယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၁၀)မိုင်အထက် ကွာဝေးခြင်းတို့ ရှိဖို့လိုအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူအားလုံး (၁၂၆)ဦးသာရှိတဲ့အတွက် သတ်မှတ်ချက်အရ လိုအပ်မှုရှိပါတယ်။ သို့သော် ပင်မကျောင်းဖြစ်တဲ့ မင်းဂံ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းနဲ့ (၇)မိုင်ခန့်ကွာဝေးနေတာကို စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ သင်ပုန်းတန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာဆိုရင် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီရန် လိုအပ်ချက်ရှိသေးသော်လည်း ကိုယ်စားလှယ်တော်ကြီးနှင့် ဒေသခံပြည်သူများ တင်ပြသည့်အတိုင်း ဒေသဖွံ့ဖြိုးရေးကို ရှေးရှု၍သော်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ သင်ယူမှုအခွင့်အလမ်း တိုးမြှင့်ရရှိရေးအတွက်သော်လည်းကောင်း ဖြေလျှော့ဆောင်ရွက်ပေးပြီး လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်နိုင်ရေး အလေးထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရှမ်းပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းစံအောင် ရဲ့ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မော်ဟွေ့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မော်ဟွေ့)ကို ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ စောစောက ကျွန်တော်တင်ပြသကဲ့သို့ အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မှုအားဖြင့် မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူဦးရေ(၂၅၀)ဦးအထက်ရှိရန် လိုအပ်ခြင်း၊ ပင်မကျောင်း တစ်ဆင့်မြင့်ကျောင်းနှင့် (၂)မိုင်

အထက် ကွာဝေးရန်လိုအပ်ခြင်းတို့သာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မော်ဖွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၂၃)ဦးသာ ရှိပါတယ်။ ပင်မကျောင်း ဟိုပန်အထက်တန်းကျောင်းနဲ့ (၂)မိုင်ကျော်ခန့် ကွာဝေးတာ တွေ့ရပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ရပ်ရွာပြည်သူလူထု၏ ဆန္ဒအရသော်လည်းကောင်း၊ ကျောင်းသူ၊ ကျောင်းသားများ၏ ပညာသင်အခွင့်အလမ်း ရရှိရေးအတွက်သော်လည်းကောင်း၊ မော်ဖွေ့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်တာကတစ်ကြောင်း သွားရေးလာရေးခက်ခဲတာကို ဖြေလျှော့သောအားဖြင့် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ရေး ဆောင်ရွက်ပေးပါမည် ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂၅)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးလျှင်(၈)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာလည်း အဆိုနဲ့ပတ်သက်တဲ့အချက်ကို ထိထိမိမိဆွေးနွေးဖို့နဲ့ အဖွဲ့အစည်း တစ်ခုခုကိုဖြစ်စေ၊ လူပုဂ္ဂိုလ်များကိုဖြစ်စေ ထိခိုက်ဆွေးနွေးခြင်းမပြုဖို့ ကြိုတင်အသိပေးပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ဟာ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဦးဖေချစ် ရဲ့ အဆိုဟာ ရည်ရွယ်ချက် ကောင်းမွန်ပြီးတော့ အဆိုရှင်ရဲ့ တိုင်းပြည်ပေါ်မှာထားတဲ့ စေတနာဟာ လေးစားစရာပါ။ သို့ပေမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန်လို့ဆိုတဲ့အတွက် ကျယ်ပြန့်လွန်းအားကြီးနေပြီးတော့ အလွန်ကို ယေဘုယျဆန်နေတဲ့အဆို ဖြစ်နေပါတယ်။ သဘာဝသယံဇာတများဆိုတဲ့နေရာမှာ သစ်တော၊ သတ္တု၊ ကျောက်မျက်၊ တွင်းထွက်၊ ရေထွက်သယံဇာတတွေ ဇီဝမျိုးစုံမျိုးကွဲတွေအထိ အလွန်ကျယ်ပြန့်စွာကို ပါဝင်နေပါတယ်။ သို့အတွက်ကြောင့် ကျွန်တော့်အနေနဲ့တော့ သဘာဝသယံဇာတ တစ်ခုဖြစ်တဲ့

ကျောက်မျက်၊ အဲဒီကျောက်မျက်ထဲကမှ ကျောက်စိမ်းကဏ္ဍ တစ်ခုတည်းကိုတောင် နိုင်နင်းအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ အလွန်ခက်ခဲကြောင်းကို မီးမောင်းထိုး ထောက်ပြဆွေးနွေးသွားပါမယ်။ Power Point အသုံးပြုခွင့်ပေးရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျေဒိုက်လို့ခေါ်တဲ့ အဖိုးတန်အရည်ကျောက်အဆင့် ကျောက်စိမ်းမျိုး အများအပြားထွက်ရှိတာ ကမ္ဘာမှာ မြန်မာနိုင်ငံပဲ ရှိပါတယ်။ အဲဒီလို ကျောက်စိမ်းမျိုး ထွက်ရှိတဲ့ ကျွန်တော်တို့နိုင်ငံဟာ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုအစွဲအလမ်းအရရော၊ အလှအပနဲ့ ဂုဏ်သိမ်အဆင့်အတန်းရဲ့ ပြယုဂ်လို့ ယုံကြည်ပြီးတော့ ကျောက်စိမ်းကို အလွန်တန်ဖိုးထား မြတ်နိုး ကြတဲ့ တရုတ်လူမျိုးတွေရဲ့ နိုင်ငံကြီးနှင့် အိမ်နီးချင်း ကပ်လျက်ဖြစ်နေပါတယ်။ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကျောက်စိမ်းအားလုံးနီးပါးလိုလိုဟာ တရုတ်နိုင်ငံကို ရောင်းချတာပါ။ ၂၀၁၄ ခုနှစ် တရုတ်နိုင်ငံရဲ့ သွင်းကုန်စာရင်းအရ အဲဒီတစ်နှစ်ထဲမှာပဲ မြန်မာနိုင်ငံကနေ တရုတ်နိုင်ငံကို တရားဝင်တင်သွင်းတဲ့ ကျောက်စိမ်းတန်ဖိုးဟာ အမေရိကန်ဒေါ်လာ(၁၂.၃)ဘီလီယံအထိ ရှိပါတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်မှု စုစုပေါင်းရဲ့ သုံးပုံ တစ်ပုံခန့်ပဲ တရားဝင်နည်းလမ်းနှင့် တရုတ်နိုင်ငံကို တင်ပို့ခဲ့တာပါ။ ၂၀၀၅ ခုနှစ် ကနေ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းထုတ်လုပ်မှုပမာဏဟာ ကီလိုဂရမ်ပေါင်း(၃၆၁)သန်း အထိရှိပြီးတော့ ထို(၁၀)နှစ်တာကာလမှာ တရုတ်နိုင်ငံကို တရားဝင်တင်သွင်းခဲ့တဲ့ ကျောက်စိမ်း ပမာဏဟာ ကီလိုဂရမ်(၇၂)သန်းသာ ရှိပါတယ်။ တရုတ်နိုင်ငံထဲကို တရားမဝင်နည်းလမ်းနဲ့ ရောက်ရှိ သွားတဲ့ ကျောက်စိမ်းပမာဏကို ခန့်မှန်းကြည့်နိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဖြစ်နေတဲ့ အကြောင်းအရင်းတွေကတော့ တရားဝင်သယ်ပို့ရောင်းချရင် နိုင်ငံတော်ကို ပေးဆောင်ရမယ့်အခွန်များကို တိမ်းရှောင်လိုတာကြောင့် တစ်ကြောင်း၊ တရားမဝင်တူးဖော်ထုတ်လုပ်မှုတွေကြောင့်တစ်ကြောင်း အကြောင်းရင်းပေါင်းများစွာ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းထွက်ရှိရာဒေသတွေဟာ ထိန်းချုပ်ရန်နှင့် စီမံခန့်ခွဲရန် အလွန် ခက်ခဲတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားရာဒေသများမှာ တည်ရှိနေပါတယ်။ ကျောက်စိမ်းက ရတဲ့ ဝင်ငွေဟာ အချို့သော လက်နက်ကိုင်အဖွဲ့အစည်းတွေအတွက် အဓိက အရင်းအမြစ်၊ ဝင်ငွေအရင်း အမြစ် ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဒီရတနာနယ်မြေတွေကို အပြိုင်ထိန်းချုပ်ဖို့ ကြိုးစားရင်းနဲ့ လက်နက်ကိုင်ပဋိပက္ခတွေ အဆက်မပြတ်ဖြစ်ပွားပြီး မငြိမ်းချမ်းတဲ့ဒေသ ဖြစ်နေရတာပါ။

ဒီလိုဒေသတွေရဲ့ နယ်စပ်တွေကိုပဲ ဖြတ်ကျော်ပြီး တစ်ဖက်နိုင်ငံကို တရားမဝင်လမ်း ကြောင်းကနေ ဒီကျောက်စိမ်းတွေ သယ်ဆောင်တင်ပို့နိုင်တာပါ။ ဒါဟာ ပထဝီအနေအထားနဲ့ နောက်ခံ နိုင်ငံရေးအခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်တဲ့အပိုင်းကို ပြန်ကြည့် ရရင်လည်း ၁၉၉၀ ပြည့်နှစ်အလွန်မှာ အဲဒီအချိန်အစိုးရက ကျောက်စိမ်းထွက်ရှိတဲ့ဒေသက လက်နက်ကိုင် အဖွဲ့အစည်းတွေကို ဖယ်ထုတ်ပြီးတော့ ထိန်းချုပ်နိုင်သွားပြီး ၎င်းတို့က ခွင့်ပြုချက်ပေးတဲ့သူတွေ ကိုသာ တူးဖော်ထုတ်လုပ်ခွင့် လုပ်ကွက်တွေ အမြောက်အမြား ချထားပေးခဲ့ပါတယ်။ အကျိုးအမြတ် အလွန်ကြီးမားတဲ့ လုပ်ငန်းတွေဆိုတော့ အာဏာရှိသူတွေနဲ့ ပတ်သက်ဆက်နွယ် ချိတ်ဆက်ထားသူတွေ၊ ငွေရှင်ခရိုနီကြီးတွေ၊ အခွင့်အထူးရတဲ့ အပစ်ရပ် လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံခြား ကျောထောက် နောက်ခံပြုထားတဲ့ အမည်ခံ ကုမ္ပဏီကြီးတွေကပဲ အများဆုံး လုပ်ပိုင်ခွင့် ရသွားကြတာပါ။

သတ္တုတွင်းဌာနရဲ့စာရင်းများအရ ဖားကန့်ဒေသတစ်ခုတည်းမှာကို လုပ်ကွက်ဧရိယာပေါင်း (၃၅၀၀၀)ဧကခန့် ရှိပါတယ်။ ဒီအစိုးရသစ်တက်ခါနီး ၂၀၁၆ ခုနှစ် အစောပိုင်းကာလမှာကို လိုင်စင်ပေါင်း(၂၀၀၀၀)ကျော်ကို ချထားပေးခဲ့တာပါ။ အဲဒီတော့ ကာလတိုလေးအတွင်းမှာ ဧရာမ စက်ယန္တရားကြီးတွေကို အသုံးပြုပြီးတော့ များများနဲ့မြန်မြန် အတင်းအဓမ္မ တူးဖော်ဖြိုခွဲ ထုတ်ယူကြပါတော့တယ်။ အခု အစိုးရသစ်လက်ထက်မှာ လိုင်စင်သက်တမ်းကုန်တဲ့ လုပ်ကွက်တွေကို သက်တမ်းတိုးမပေးတော့ဘဲ ဆိုင်းငံ့ထားတဲ့နည်းနဲ့ ထိန်းချုပ်ပေမယ့် အချို့သော လုပ်ကွက်များဟာ ၂၀၂၀ ပြည့်နှစ်အထိ သက်တမ်းချထားပေးခဲ့တော့ ဒီနေ့အထိ မဟားတရား အလုအယက် တွန်းထိုးထုတ်ယူနေဆဲပါပဲ။

အဲဒီတော့ ကျွန်တော်တို့က ကျောက်စိမ်းထုတ်လုပ်ခြင်းကို ထိရောက်အောင်ထိန်းချုပ်မယ်။ အကြီးစား ထုတ်ဖော်၊ ထုတ်လုပ်မှုတွေကို ခွင့်မပြုတော့ဘူးဆိုရင် အကြီးမားဆုံး အထိနာသွားမယ့်သူတွေက အထက်ဖော်ပြပါ အဖွဲ့အစည်းတွေနှင့် နောက်ကွယ်ကနေ အကျိုးစီးပွား ကြီးကြီးမားမား ပတ်သက်ဆက်နွှယ်နေတဲ့ တကယ့်သူဌေးကြီးတွေပါ။ သူတို့က ဟန့်တားနှောင့်ယှက် တားဆီးမယ်ဆိုရင် ပဋိပက္ခတွေဟာ ကြာရှည်ပြီး အလွန်ကို ခက်ခက်ခဲခဲ ကြိုးပမ်းလုပ်ဆောင် ယူရပါလိမ့်မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဒီလိုခက်ခဲတဲ့ အဆိုးတွေချည်းပဲ ပြောနေတော့ ဘာမှလုပ်မရတော့ဘူးလားဆိုတော့လည်း မဟုတ်ပါဘူး။ ဥပဒေနဲ့ခိုင်ခိုင်မာမာ ထိန်းချုပ်နိုင်ဖို့ ကျွန်တော်တို့ကော်မတီကပဲ ကျောက်မျက်ရတနာဥပဒေအသစ်ကို ရေးဆွဲတင်သွင်းပြီးတော့ ဒီအမျိုးသားလွှတ်တော်ကြီးကပဲ အတည်ပြုပေးပြီးလို့ အခု ပြည်သူ့လွှတ်တော်ဘက်မှာ ရောက်ရှိဆွေးနွေးနေပါပြီ။ ဒီ ဥပဒေထဲမှာ အကြီးစားတွေကို ပယ်ဖျက်တယ်။ အလတ်စား၊ အသေးစား လုပ်ကွက်တွေရဲ့ ဧရိယာနဲ့ တူးဖော်သက်တမ်းတွေကို လျှော့ချထားပါတယ်။ ဒါကလည်း လတ်တလောအနေနဲ့ ဥပဒေနှင့် ထိန်းသိမ်းလုပ်ဆောင်ပြီးတဲ့သဘောပါပဲ။ ရေရှည်အတွက် ထိန်းသိမ်းကာကွယ်ဖို့ဆိုရင်တော့ ၂၁ ရာစုပင်လုံညီလာခံလို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကနေ တိုင်းရင်းသားတွေ ပြည်နယ်တွေရဲ့ နိုင်ငံရေးသဘောတူညီချက်တွေ အထူးသဖြင့် သဘာဝသယံဇာတတွေကို မျှဝေခံစား စီမံခန့်ခွဲပိုင်ခွင့်တွေကို ညှိနှိုင်းဆွေးနွေး သဘောတူညီချက်တွေ ရယူဖို့လိုအပ်ပါတယ်။

ဒီသဘောတူညီချက်တွေအပေါ်မှာ မူတည်ပြီးတော့ ရှင်းလင်းတဲ့ဥပဒေဆိုင်ရာ ဖက်ဒရယ် မူဆိုင်ရာ ဥပဒေတွေကို အခြေခံဥပဒေထဲမှာ ပေါင်းစပ်ထည့်သွင်းပြုပြင်ပေးဖို့လည်း လိုအပ်ပါတယ်။ ခိုင်မာတဲ့ ကျောက်မျက်ဥပဒေ မူဝါဒကိုလည်း ပြဋ္ဌာန်းရပါမယ်။ Responsible Source လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ တူးဖော်ထုတ်လုပ်တဲ့စနစ် ထွန်းကားအောင် ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ လိုက်နာကျင့်သုံးအောင် လေ့ကျင့်ဆောင်ရွက်ပေးရပါမယ်။ လက်ရှိအချိန်မှာလည်း ဒီအချက်အလက်တွေကို ပြည်ထောင်စုအစိုးရက အထိုက်အလျောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အခြားလုပ်စရာကိစ္စရပ်တွေလည်း အများအပြားရှိပါတယ်။ အချိန်ငဲ့ကွက်တဲ့အတွက် ဒီလောက်ပဲ ဆွေးနွေးပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင်တော့ အထက်မှာဖော်ပြခဲ့သလို ကမ္ဘာ့တစ်ခုသာဖြစ်တဲ့ ကျောက်စိမ်းသယံဇာတ တစ်ခုတည်းကိုတောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့အတွက် ခက်ခက်ခဲခဲနဲ့ အလွန်ကို အားစိုက် ကြိုးပမ်းလုပ်ဆောင်မှသာ အောင်မြင်

နိုင်မှာမို့လို့ အဆိုရှင်ရဲ့ သဘာဝသယံဇာတအားလုံးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးဖို့ ဆိုရင်တော့ ပြည်ထောင်စုအစိုးရတစ်ရပ်တွင် သာမကဘဲနှင့် ကျွန်တော်တို့ လွှတ်တော်ကြီး အပါအဝင် Stakeholder တွေ၊ ပတ်သက်ဆက်နွှယ်သူ အဖွဲ့အစည်းတွေနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမြင်ကျယ်ကျယ် အသိကြွယ်ကြွယ်နှင့် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ကြမှသာလျှင် အောင်မြင်နိုင်မှာဖြစ်ကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


တရုတ်နိုင်ငံ ကျောက်စိမ်းပြပွဲတစ်ခုတွင်တွေ့ရှိရသော မြန်မာ့ကျောက်စိမ်းတုံးကြီး မြင်ကွင်းပုံ (ဗ)



တရုတ်နိုင်ငံသို့ ကျောက်စိမ်းသယ်ပို့နေသော လမ်းကြောင်းများ မြင်ကွင်းပုံ (ဗ-၁)



ဖားကန့်ဒေသတွင် စက်အင်အားများစွာဖြင့် ကျောက်စိမ်းတူးဖော် ထုတ်လုပ်နေသော မြင်ကွင်းပုံ (ဗ-၂)



**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)က နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ရဲ့ အဆိုကို ယေဘုယျအားဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသားရေးဆိုတာ နိုင်ငံသားအားလုံးရဲ့ မွေးရာပါ ဒါမှမဟုတ် မဖြစ်မနေ ခံယူကျင့်သုံးရမယ့် တာဝန်ဝတ္တရားလို့ ညွှန်းဆိုချင်ပါတယ်။ နိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွား ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ နှစ်ပေါင်းများစွာ အမျိုးသားရေးတာဝန်ကို မေ့လျော့ခဲ့ တာဖြစ်ပါတယ်။ အမျိုးသားရေးကို လွဲမှားစွာ အဓိပ္ပာယ်ဖော်ခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားရေးထက် ကိုယ်ကျိုးစီးပွား များခဲ့တာ ဖြစ်ပါတယ်။

တစ်ချိန်က သယံဇာတပေါကြွယ်ဝလှတဲ့ ကျွန်မတို့နိုင်ငံဟာ Golden Land ဆိုပြီး ကမ္ဘာ့ အလယ်မှာ အားကျစရာ ဝင့်ထည်ခဲ့ရပေမယ့် ဒီနေ့ဒီအချိန်မှာ သယံဇာတအစုတွေ ပျောက်ကွယ်လုနီး ဖြစ်ခဲ့ပြီး ကိုန်စာအလား ဆိုးမွေတွေခံစားနေရပြီ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်မတို့ ပိုင်ဆိုင်တဲ့ သယံဇာတတွေကို အမျိုးသားရေးအကျိုးစီးပွားအနေနဲ့ မထိန်းသိမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာ

ကြီးဟာ တဖြည်းဖြည်း ပူးနွေးလာနေပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု ပမာဏကြီးမားလာတာနှင့်အမျှ ရာသီဥတုပြောင်းလဲနေပြီ ဖြစ်ပါတယ်။ ၂၀၅၀ အလွန် ကြုံတွေ့ရမယ့် ကမ္ဘာကြီးရဲ့ အစာရေစာရှားပါးမှုတွေ၊ အခက်အခဲတွေကို ရင်ဆိုင်ဖို့ ကမ္ဘာ့နိုင်ငံကြီးတွေက စဉ်းစားပြင်ဆင်နေကြရပြီဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုကို စုပ်ယူပေးမယ့် သစ်တောတွေကို ထိန်းသိမ်းဖို့၊ ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားနေရပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ အမျိုးစုံလှတဲ့ သယံဇာတထွက်ရှိမှုတွေနဲ့အတူ လွတ်လပ်ရေးရပြီးချိန်မှာ သယံဇာတဖုံးလွှမ်းမှု၊ သစ်တော သယံဇာတဖုံးလွှမ်းမှု (၇၀)ရာခိုင်နှုန်း ရှိခဲ့တဲ့နိုင်ငံပါ။ အရှေ့တောင်အာရှမှာ အကြီးဆုံး Tropical Forest ကို ပိုင်ဆိုင်ခဲ့တာပါ။ ဒါပေမဲ့ ၂၀၁၀ နောက်ပိုင်းမှာ တစ်နှစ်ကို (၁.၁၉) ရာခိုင်နှုန်း သစ်လုံးရေ (၁.၃) မီလီယံ၊ သစ်တော (၅၄၆၀၀၀) ဟတ်တာကို ခုတ်ခဲ့ပါတယ်။ သစ်တောဦးစီးဌာနရဲ့ Annual Allowance Cutting သစ်ခုတ်ခွင့်ကို ကျော်လွန်ခုတ်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဝင်ငွေတိုးမြှင့်ဖို့ Annual Allowance Cutting ရဲ့ ငါးဆကို ကျော်လွန်ခုတ်ခဲ့ပါတယ်။ အဲဒီအတွက် သစ်တောပြုန်းတီးမှု ကမ္ဘာ့အဆင့် တတိယနေရာကို ရောက်ခဲ့ရတာပါ။ သစ်တောဖုံးလွှမ်းမှုဟာလည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့ရဲ့ အောက်အဆင့်အထိ ကျဆင်းခဲ့ရပါတယ်။ လွန်လွန်ကဲကဲ သစ်ခုတ်ခဲ့တဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ် နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ ပိုငွေ (၈၆၈)ဘီလီယံ ဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ (၁၀) ရာခိုင်နှုန်းထက် ကျော်လွန်ပြီး မတောင်းခံရတဲ့ RE မှာ (၈၂) ရာခိုင်နှုန်းအထိ ကျော်လွန်တောင်းခံတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ (၁၀၀) ရာခိုင်နှုန်း ကျော်လွန်သုံးစွဲတာကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ အမျိုးသားအကျိုးစီးပွားအတွက်မဟုတ်ဘဲ ကိုယ်ကျိုးစီးပွားကို ဦးတည်တယ်လို့ ယူဆပါတယ်။ အဲဒီလို သစ်ခုတ်ယူမှုတွေကြောင့် ၂၀၁၄ ခုနှစ်မှာ သစ်တော (၄၈)ရာခိုင်နှုန်း ပြုန်းတီးခဲ့တယ်လို့ ဆိုပါတယ်။

သစ်ခုတ်ခွင့်ကို ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ရပ်နားခဲ့ပေမယ့် ဒီနေ့ဒီအချိန်မှာ သစ်ခိုးထုတ်မှုတွေ၊ ပိုင်ရှင်မဲ့သစ်ဖမ်းဆီးရမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ဆုကြေး(၂၀)ရာခိုင်နှုန်းရတဲ့ ပိုင်ရှင်မဲ့ သစ်တွေက များနေပါတယ်။ တစ်ဖက်မြေပြင်မှာလည်း နှစ်ချို့သစ်ဟောင်းတွေ စုပုံနေပါတယ်။ အခုအချိန်မှာ ကျွန်မတို့ နိုင်ငံရဲ့ သစ်တောတွေ (၂၀)ရာခိုင်နှုန်းဝန်းကျင်သာ ရှိတော့တယ်လို့ CSO တွေ NGO တွေက ဆိုပါတယ်။ သစ်တောအများဆုံးကျန်နေတဲ့ မြို့နယ်တစ်ခုအဖြစ် ကျွန်မရဲ့ မဲဆန္ဒနယ်မှာတောင် သစ်တော (၃၈)ရာခိုင်နှုန်းပဲ ရှိပါတော့တယ်။ ဒါတွေဟာ အမျိုးသားရေးအနေနဲ့ မထိန်းသိမ်းနိုင်ခဲ့တဲ့ သစ်တောသယံဇာတ ဆုံးရှုံးမှုတွေပါပဲ။

အခုဆိုရင် ကျွန်မတို့နိုင်ငံဟာ အကျိုးဆက်အနေနဲ့ သစ်တောသယံဇာတဆုံးရှုံးမှုနဲ့အတူ ရာသီဥတုပြောင်းလဲမှုကို ဆိုးဆိုးရွားရွားခံစားနေရပြီ ဖြစ်ပါတယ်။ ကမ္ဘာကြီးမှာ သစ်တော(၃၀) ရာခိုင်နှုန်း ဆုံးရှုံးမှုဖြစ်နေတဲ့အတွက် နှစ်(၁၀၀)အတွင်းမှာ Rain Forest တွေ ပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။ တစ်နှစ်ကို (၁.၅)ဘီလီယံတန် ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ ထုတ်နေတဲ့အတွက် ကမ္ဘာကြီးက ပူနွေးလာပြီဖြစ်ပါတယ်။ ရေခဲတောင်တွေ အရည်ပျော်နေသလို ပင်လယ်ရေမျက်နှာပြင်လည်း မြင့်တက်လာနေပါတယ်။ ကျွန်မတို့နိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ မတ်လမှာ ဖြစ်ခဲ့တဲ့ နာဂစ်မုန်တိုင်းမှာ လူသိန်းချီ သေဆုံးခဲ့ရသလို ၂၀၁၀၊ နွေရာသီမှာ အပူလှိုင်းကြောင့် (၂၆၀)ဦး သေဆုံးခဲ့ရပါတယ်။

နှစ်စဉ် ရေကြီးမှုတွေ၊ မြေပြိုမှုတွေ၊ ငလျင်ဒဏ်တွေ သဘာဝဘေးအန္တရာယ်တွေ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ မြေအောက်ရေရှားပါးမှုနှင့်အတူ စိုက်ပျိုးရေးမဖြစ်ထွန်းမှုတွေ၊ သောက်သုံးရေ မလုံလောက်မှုတွေ၊ ရာသီဥတုပြောင်းလဲမှုဒဏ်တွေ ခံစားနေရပြီ ဖြစ်ပါတယ်။


အချုပ်ဆိုရမယ်ဆိုရင် ကျွန်မတို့ရဲ့ အဖိုးတန်သယံဇာတဖြစ်တဲ့ သဘာဝသစ်တောတွေကို အမျိုးသားရေးအနေနဲ့ ထိန်းသိမ်းကာကွယ်ရမှာ ဖြစ်ပါတယ်။ သစ်တော၊ သစ်ပင်ချစ်သူဟာ ကမ္ဘာကြီး ချစ်သူ၊ နိုင်ငံချစ်သူပါ။ သစ်ပင်စိုက်ပျိုးထိန်းသိမ်းသူဟာ ကမ္ဘာကြီးကို ကာကွယ်သူ၊ နိုင်ငံကို ကာကွယ် သူလို့ ဆိုချင်ပါတယ်။ ဒါပေမဲ့ Reforestration လုပ်တာထက် Deforestrartion ကို ကာကွယ် ထိန်းသိမ်းခြင်းက အရေးကြီးကြောင်း FAO က ဆိုထားပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး၊ သစ်တောပြန်လည် ထူထောင်ရေးတွေ လုပ်ဆောင်နေတယ်လို့လည်း သိရပါတယ်။ ဒါပေမယ့်လည်း ကျွန်းတစ်ပင်ဖြစ်ဖို့ နှစ်ပေါင်း(၅၀) ကြာမြင့်တာကြောင့် သစ်တောမပြုန်းတီးဖို့၊ သစ်ခုတ်ခွင့်တွေ တားဆီးဖို့ ဦးတည်လုပ်ဆောင်သင့်ပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာငွေကို သယံဇာတထုတ်ယူသုံးစွဲမှုအပေါ်မှာ မှီခိုအားထားမှုမပြုဘဲ လူသားအရင်းအမြစ် တိုးတက်ရေးကို ဦးတည်ပြီးမှပဲ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုအားနည်းလို့ အမျိုးသားရေးတာဝန်တစ်ရပ် အနေနဲ့ ကျွန်မတို့ရဲ့ အဖိုးတန်သယံဇာတတွေကို စောင့်ရှောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် မှန်ကန်မွန်မြတ်တဲ့ နိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားဆောင်ရွက်လိုတဲ့ စိတ်ဓာတ် တွေနဲ့အတူ တိကျပြတ်သားတဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ချမှတ်ပြီး ကျွန်မတို့နိုင်ငံရဲ့ သယံဇာတတွေကို အမြန်ဆုံးထိန်းသိမ်းစောင့်ရှောက်ဖို့ တိုက်တွန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


သစ်တောပြုန်းတီးမှုများ မြင်ကွင်းပုံ (ဘ)



သစ်တောများ ပြုန်းတီးသွားခြင်းပြပုံ (ဘ-၁)




သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်သော ရာသီဥတုပြောင်းလဲမှုများပြပုံ (ဘ-၂)



**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းတဲ့ အဆိုကို ယေဘုယျထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဒီအဆိုရှင်ရဲ့ အဆိုဟာ ဆိုလို့ရှိရင် အင်မတန်ကျယ်ပြန့်တဲ့အတွက် ကျွန်မတို့ရဲ့ မြစ်ဝကျွန်းပေါ် ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တော၊ ဒီရေတောနှင့် ရေသယံဇာတများအကြောင်းကို ကျွန်မ အနေနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာပေါ်မှာ နေ့စဥ်နှင့်အမျှ လူဦးရေ တိုးပွား လာခြင်း၊ စက်မှုနည်းပညာ ထွန်းကားလာခြင်းတို့ကြောင့် သဘာဝသယံဇာတများကို ပြန်လည် ဖြည့်ဆည်းနိုင်တဲ့ အတိုင်းအတာထက်ကျော်လွန်၍ ထုတ်ယူသုံးစွဲလျက်ရှိရာ သဘာဝဝန်းကျင်ဆိုင်ရာ ပြဿနာအမျိုးမျိုးနှင့် ကြုံတွေ့နေရပါတယ်။ ဒီနေရာမှာ သစ်တောအကြောင်းကို ဆွေးနွေးချင်ပါတယ်ရှင်။ ကမ္ဘာပေါ်မှာ သစ်တောပြုန်းတီးမှု အများဆုံး နိုင်ငံတွေကတော့ ဘရာဇီးနိုင်ငံ၊ အင်ဒိုနီးရှား၊ ရုရှား၊ မက္ကဆီကိုနှင့် ပါပူးဝါးနယူးဂီနီနိုင်ငံတို့ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနှင့်လည်း သစ်တော ပြုန်းတီးမှုက နှစ်စဥ် ဟက်တာ(၅)သိန်းခွဲခန့် ပြုန်းတီးနေတာကို ကျွန်မတို့ လေ့လာသိရှိရပါတယ်။ ဒီလို သစ်တောတွေပြုန်းတီးတဲ့အတွက်ကြောင့်မို့လို့ ရာသီဥတုတွေ ဖောက်ပြန်ပါတယ်။ နိုင်ငံတကာရဲ့ ရာသီဥတုဖောက်ပြန်မှု အညွှန်းကိန်းမှာဆိုရင် (၁၈၇)နိုင်ငံရှိတဲ့အနက် မြန်မာနိုင်ငံက အဆင့် (၂)နေရာမှာ ရှိပါတယ်။

ကျွန်မတို့ မြစ်ဝကျွန်းပေါ်ဒေသမှာဆိုလို့ရှိရင်လည်း ပြင်ဒရယ်သစ်တောကြိုးဝိုင်း၊ ကဒုံကနိ သစ်တောကြိုးဝိုင်းနှင့် မိန်းမလှကျွန်းလို့ လူသိများတဲ့ အာဆီယံအမွေအနှစ်သဘာဝတောများရှိပါတယ်။ တစ်ချိန်က ဘိုကလေးမီးသွေးလို့ နာမည်ကြီးပြီးတော့ မီးသွေးတွေဖုတ်တယ်။ အလွန်အကျွံထုတ် အဂတိ လိုက်စားခဲ့ရာ သစ်တောများပြုန်းတီးပြီးတော့ နာဂစ်မုန်တိုင်းလို သဘာဝဘေးအန္တရာယ်များလည်း ကျွန်မတို့ ဒေသကလူတွေ ခံစားခဲ့ရပါတယ်ရှင်။ ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်း တင်ပြချင်တာ ကတော့ သစ်တောတွေနှင့် ပတ်သက်ရင် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်မှုအားနည်းတဲ့ အကြောင်းပါရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ် ဘိုကလေးမှာဆိုရင် သစ်တောမစွန့်လွှတ်ရသေးတဲ့ ဧရိယာအတွင်းမှာ လယ်ယာ မြေလုပ်ပိုင်ခွင့် ပုံစံ(၇)လက်မှတ်များကို မြေစာရင်းဦးစီးဌာနကနေ ဧက (၂၃၀၀၀) ကျော်ထုတ်ပေးထား ပါတယ်။ အဲဒီတော့ တောင်သူလယ်သမားတွေဟာဆိုရင် ပုံစံ(၇)ကို လက်ဝယ်ရရှိထားပြီးတော့ စိုက်ပျိုးစရိတ် ချေးငွေကလည်း မရရှိဘူး။ သစ်တောဌာနကလည်း အခုအချိန်မှာ Community Forest

တွေကို ပြန်လည်ပြီးတော့ စိုက်ပျိုးနေရတဲ့အချိန်မို့ သစ်တောကလည်း မစွန့်လွှတ်နိုင်ဘူး။ တကယ့်မြေပြင် အနေအထားမှာလည်း သစ်တောနယ်မြေထဲမှာ လယ်ယာတွေဖြစ်နေတဲ့အတွက်ကြောင့် ကျွန်မတို့ အစိုးရမှာလည်း အခက်အခဲတွေနှင့် ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့အကျိုးပြု ဆောင်ရွက်တဲ့အခါမှာ ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်မှုအားကောင်းရန် လိုအပ်ကြောင်း ကျွန်မအနေနဲ့ အကြံပြုဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်ပြီးတော့ ဒီရေတောများထိန်းသိမ်းမှုအကြောင်း ဆွေးနွေးချင်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အဌမမြောက် ဒီရေတော အများဆုံးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ အနောက် ဘက်ကမ်းရိုးတန်းဒေသ ရခိုင်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်ဘက်ကမ်းရိုးတန်းဒေသ တနင်္သာရီ တို့ မှာဆိုရင် ဒီရေတောတွေ အများဆုံး ရှိတာကို တွေ့ရှိရပါတယ်။ ဒီလို ဒီရေတောတွေကို ကျွန်မတို့ ကာကွယ် ထိန်းသိမ်းခြင်းအားဖြင့် ကျေးလက်နေပြည်သူတို့ရဲ့ စားဝတ်နေရေး အထောက်အကူပြုခြင်း၊ ရေဝေ ရေလဲထိန်းသိမ်းပေးခြင်း၊ ဇီဝမျိုးစုံ၊ မျိုးကွဲများ တိုးပွားလာစေခြင်း၊ အလှအပစိတ်ခံစားမှုနှင့် အစားအစာ ဖူလုံစေခြင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကျိုးဆက်များ လျော့ပါးသက်သာစေခြင်း စတဲ့ အကျိုးတရား များ ရရှိမှာ ဖြစ်ပါတယ်။ လက်တွေ့အရ ကျွန်မတို့ မြစ်ဝကျွန်းပေါ်မှာ နာဂစ်မုန်တိုင်း ဖြစ်တုန်းကဆိုရင် ဒီရေတောရှိတဲ့နေရာမှာ လူတစ်ရာမှာ (၄)ယောက်သာ သေဆုံးပြီးတော့ ဒီရေတောတွေပြုန်းတီးတဲ့ နေရာမှာဆိုရင် လူတစ်ရာမှာ (၆၅)ယောက်သေဆုံးတာကို ကျွန်မတို့ သစ်တောသုတေသနများအရ လေ့လာသိရှိရပါတယ်။

ဒါကြောင့် အင်မတန်အဖိုးတန်တဲ့ ဒီရေတောတွေကိုလည်း အထူးထိန်းသိမ်းဖို့ လိုအပ်ကြောင်း အကြံပြုအပ်ပါတယ်ရှင်။ နောက်ဆက်လက် ဆွေးနွေးချင်တာကတော့ ကျွန်မတို့ ငါးသယံဇာတများ၊ ရေသယံဇာတများဆုံးရှုံးရတဲ့အကြောင်း ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မြစ်ဝကျွန်းပေါ်ဒေသက ဆန်စက် အများအပြားရှိပါတယ်။ ဒီဆန်စက်တွေဟာ ဆိုလို့ရှိရင် ဘွိုင်လာနဲ့လည်တဲ့ စက်တွေရှိသလို ဂတ်စ်ဆီဖိုက်တာနှင့်လည်တဲ့ စက်တွေလည်းရှိပါတယ်။ အဲဒီတော့ ဂတ်စ်ဆီဖိုက်တာနှင့်လည်တဲ့ ဆန်စက်တွေ တချို့ဟာဆိုလို့ရှိရင်လည်း ရေစစ်ကန်များနှင့် စနစ်တကျဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်တာရှိသလို တချို့စက်တွေဟာ ဆိုလို့ရှိရင်လည်း ကျွန်မတို့ စည်းကမ်းလိုက်နာမှု အားနည်း ပြီးတော့ ဒီရေဆိုးရေညစ်တွေကို ချောင်းတွေ၊ မြောင်းတွေကို တိုက်ရိုက်စွန့်ထုတ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ရေသယံဇာတတွေ ဆုံးရှုံးရပါတယ်။

နောက်တစ်ခု ကျွန်မတို့ အရက်ချက်စက်ရုံကထွက်တဲ့ ရေဆိုးများကြောင့်လည်းကောင်း၊ ရေထဲတွင် အဆိပ်ချငါးဖမ်းခြင်းနှင့် ဘက်ထရီရှော့ရိုက် ငါးဖမ်းခြင်း၊ ငါးပုစွန်များသက်ရောက် ပေါက်ဖွား ရာ Spawning Ground လျော့နည်းလာခြင်းနှင့် ဂေဟစနစ်များ ပျက်ဆီးလာခြင်းများကြောင့် ရေသယံဇာတများ ဆုံးရှုံးရပါတယ်။ ဒီလိုရေသယံဇာတတွေ ဆုံးရှုံးရခြင်းရဲ့ နောက်ဆက်တွဲ ပြဿနာတွေ ကတော့ ကျွန်မတို့ ဒေသခံပြည်သူတွေအတွက် အစားအာဟာရတွေ ချို့တဲ့တယ်။ စားနပ်ရိက္ခာ ထုတ်လုပ်မှုတွေ ကျဆင်းရတယ်။ ငါးဖမ်းလုပ်ငန်းမှာ အချိန်နဲ့ငွေကြေး ရင်းနှီးသလောက် အကျိုးအမြတ်ရရှိမှုတွေ နည်းလာခြင်း၊ အကြီးစားနှင့်အသေးစား ငါးဖမ်းမှုနေရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လူမှုစီးပွားရပ်တည်ရေး အခက်အခဲတွေ ကြုံလာနိုင်ကြောင်း ကျွန်မတို့ သုံးသပ်ရပါတယ်။ ဒီလို ရေသယံဇာတများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းခြင်းအားဖြင့် ကုလသမဂ္ဂ ရည်မှန်းချက်ပန်းတိုင်

ဖြစ်တဲ့ Sustainable Development Goals 70 မှ Goals 40 ကို ကျွန်မတို့ အကောင်အထည်ဖော် ဆောင်ရွက်ရာ ရောက်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ နှင့် ပုဒ်မ ၃၉၀ (ခ) မှာလည်း နိုင်ငံသား တိုင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ မြန်မာနိုင်ငံမှာ အချမ်းသာဆုံးလုပ်ငန်းရှင်များသည်လည်း သဘာဝသယံဇာတများကြောင့် ချမ်းသာလာကြသလို ဆင်းရဲသား ကျေးလက်နေပြည်သူ (၇၀)ရာခိုင်နှုန်း သည်လည်း စားဝတ်နေရေးလိုအပ်ချက်ကြောင့် သယံဇာတများကို မှီခိုနေရပါတယ်။ ဒါကြောင့် ကျွန်မတို့ ရဲ့ နောင်မျိုးဆက်သစ်များကို ကောင်းမွန်တဲ့အမွေများပေးနိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ သဘာဝ သယံဇာတများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် ထိန်းသိမ်းဖို့ အထူးလိုအပ်ကြောင်း တင်ပြရင်း အဆိုကို ယေဘုယျအနေနဲ့ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ရင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက် ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး စခင်ဇော်လင်း ဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် တင်သွင်းထားတဲ့ မြန်မာနိုင်ငံရဲ့ သယံဇာတများ ပျက်ဆီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန်ဆိုတဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ယေဘုယျသဘော အားဖြင့် ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ သယံဇာတချမ်းသာကြွယ်ဝတဲ့နိုင်ငံ တစ်နိုင်ငံလို့ ပြောကြပါတယ်။ နိုင်ငံအတွက် နှစ်စဉ်ဝင်ငွေကောင်းကောင်းရနိုင်တဲ့ သစ်တောတွေ၊ သတ္တုတွင်းတွေ၊ ကျောက်မျက် ရတနာတွေ၊ သဘာဝဓာတ်ငွေ့တွေ၊ လယ်မြေယာမြေတွေနှင့် ကမ်းရိုးတန်းတွေ အစရှိတဲ့ အရင်းအမြစ် တွေ၊ ရှိကြလို့လည်း အဲဒီလိုခေါ်တာ ဖြစ်ပါတယ်။ အဲဒီလို သဘာဝကပေးထားတဲ့ သဘာဝအရင်း အမြစ်တွေ ပေါကြွယ်ဝနေပေမဲ့ နိုင်ငံနှင့်နိုင်ငံသားတွေက ဆင်းရဲနွမ်းပါးနေကြပြီး ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်းဝင် နိုင်ငံဖြစ်နေရတာ စိတ်မကောင်းစရာပါ။

ဒီလိုဖြစ်ရတာ သဘာဝသယံဇာတတွေကို စည်းကမ်းစနစ်တကျမသုံးစွဲခဲ့ကြလို့ ဖြစ်သလို ဒီသဘာဝသယံဇာတတွေကို သူ့နေရာနှင့်သူ စနစ်တကျစီမံခန့်ခွဲပြီး လုပ်ဆောင်မှ တိုင်းပြည်ဝင်ငွေရမှာ ဖြစ်သလို ဒီသယံဇာတတွေ ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ သဘာဝကမ်းရိုးတန်း၊ ကမ်းခြေတွေကို စနစ်တကျအသုံးချနိုင်တဲ့အတွက် ဟိုတယ်ခရီးသွားလာရေးလုပ်ငန်းကနေပြီးတော့ နှစ်စဥ်ဝင်ငွေ သန်းပေါင်းများစွာ ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကမ်းရိုးတန်းတွေ အများအပြားရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီကမ်းခြေတွေကို စနစ်တကျခေတ်မီအောင်လုပ်ပြီး ဝင်ငွေတွေ သန်းပေါင်းများစွာရအောင် မလုပ်နိုင်သေးပါဘူး။ နောက်တစ်ခုက ဥပမာ ဆက်ပြောရမယ်ဆိုရင် ရေနံရောင်းပြီးတော့ ချမ်းသာနေတဲ့ နိုင်ငံဖြစ်တဲ့ ကာတာတို့၊ ဒူဘိုင်းတို့လိုနိုင်ငံတွေမှာ ရေနံတွေကိုရောင်းတာကိုလျှော့ပြီးတော့ တခြားစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ဟိုတယ်ခရီးသွားလာရေးလုပ်ငန်း၊ ကာစီနို ပျော်ပွဲစားလုပ်ငန်းတွေနှင့် တိုင်းပြည်ကို ပြုပြင်ပြောင်းလဲပြီးတော့ သဘာဝသယံဇာတတွေကို ခြိုးခြံ ကာကွယ်နေကြပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ တောတွေ၊ တောင်တွေက ပြောင်သလင်းခါနေပါပြီ။ သတ္တုတွင်း တွင်းထွက်ရတနာတွေကလည်း တချို့နေရာတွေမှာ ကုန်ခန်းသလောက် ရှိနေပါပြီ။ ပတ်ဝန်းကျင်အနေနဲ့ ဂေဟစနစ်တွေ ပျက်စီးနေကြပါပြီ။ နေရာအနှံ့က စက်ရုံ၊ အလုပ်ရုံတွေကြောင့် Industrial Waste လို့ခေါ်တဲ့ စက်မှုအညစ်အကြေးတွေကလည်း လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုတွေကိုဖြစ်စေပြီး အခြားသယံဇာတတွေကို ထိခိုက်ညစ်ညမ်းလျက်ရှိပါတယ်။ ဒါတွေဟာ သယံဇာတတွေကို စနစ်တကျ မသုံးစွဲခဲ့တာသာမက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းတဲ့အတွက် သဘာဝသယံဇာတတွေ ပျက်စီးပြုန်းတီးနေတာ နေရာအနှံ့မှာ ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာဟာ အမျိုးသားရေးအန္တရာယ်တစ်ခု ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုး ဆိုက်နေတဲ့ မြန်မာ့အဖိုးတန် သယံဇာတရတနာတွေကို မထိန်းသိမ်းမကာကွယ်နိုင်ကျတော့ဘူးဆိုရင် တိုင်းပြည်ရဲ့ အနာဂတ်၊ နောင်လာ နောက်သားများရဲ့ အနာဂတ်က မတွေးဝံ့စရာ ဖြစ်ပါတယ်။

သဘာဝသယံဇာတ ပျက်စီးဆုံးရှုံးမှု အများဆုံး၊ အဆိုးဆုံးကတော့ သတ္တုတွင်းတူးတဲ့ ကျောက်မိုင်း လုပ်ငန်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ သယံဇာတကော်မတီက ကိုယ်တိုင်ကွင်းဆင်းပြီး စစ်ဆေးတဲ့ အတွေ့အကြုံအရပြောရရင် သတ္တုတွင်းလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် အကြီးအကျယ် ထိခိုက်သလို လုပ်ငန်းသုံးအက်စစ်များ၊ ဆိုင်ရာနိုက် ဓာတုပစ္စည်း၊ ပြဒါး စတဲ့ ပစ္စည်းတွေကို စနစ်တကျ မသုံးတဲ့အတွက် ယိုစိမ့်ပြီး အခြားသဘာဝအရင်းအမြစ်တွေကို ဆိုးဆိုးဝါးဝါး အန္တရာယ်ဖြစ်စေပါတယ်။ သတ္တုတွင်းလုပ်ငန်းတွေဟာ သဘာဝအရင်းအမြစ်ပေါ်မှာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှု အင်မတန် အားနည်းပါတယ်။ သိသာထင်ရှားတဲ့ မြင်ကွင်းတွေကတော့ တောင်လောက်ရှိတဲ့ မြေစာပုံတွေ၊ ကလိုင်တွေ၊ ကျင်းတွေ ကြည့်မယ်ဆိုရင် ဘယ်လောက်တာဝန်မဲ့သလဲဆိုတာ သိသာပါတယ်။ အဲဒီ ညစ်ညမ်းတဲ့ပစ္စည်း Waste တွေဟာ မြစ်ချောင်းတွေထဲကို စီးဆင်းပြီး မြစ်ချောင်းထဲက ငါးသယံဇာတတွေကိုလည်း အဆိပ်သင့်ကုန်ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်ရုံမက ဂေဟစနစ်ပါ ပျက်စီးလျက်ရှိနေတယ်။ ဒေသခံတိုင်းရင်းသားများရဲ့ လူနေမှုဘဝဓလေ့တွေကိုပါ ထိခိုက်နေတာတွေကိုလည်း တွေ့နေရပါတယ်။ ရောက်တဲ့နေရာ

တွေကို ကြည့်လိုက်ရင် တောင်တွေကကတုံး၊ တောတွေကပြုန်း၊ တောထဲက သက်ရှိသတ္တဝါတွေက မျိုးတုံးကုန်ကြပါပြီ။ ဒီအတိုင်း လက်ပိုက်ကြည့်နေကြမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော်တို့ လူသားမျိုးနွယ်တွေပါ ဒီဆိုးကျိုးကို ဆက်ပြီးတော့ ခံစားကြရတော့မှာ ဖြစ်ပါတယ်။ သဘာဝသယံဇာတ ပျက်စီးဆုံးရှုံးရခြင်းအကြောင်းတွေနှင့်ပတ်သက်လို့ နည်းနည်းတင်ပြခွင့်ပြုပါ ခင်ဗျား။ ဒေသခံပြည်သူ လူထုတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ သိပ်အရေးကြီးပါတယ်။ လောလောဆယ်မှာ ဒေသခံပြည်သူလူထုတွေဟာ အသိပညာဗဟုသုတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်တွေ အားနည်းမှုကြောင့် တစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှုကြောင့်တစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့အပိုင်းမှာ အခက်အခဲရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ တရားဥပဒေစိုးမိုးမှု အားနည်းနေသေးတာပါသလို ကျွန်တော်တို့ဆီမှာ Transparency လို့ခေါ်တဲ့ ပွင့်လင်းမြင်သာမှု စနစ်တွေဟာ အားနည်းနေသေး ပါတယ်။ သိသာပွင့်လင်းမှုစနစ်တွေရှိတဲ့ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလို စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ စာချုပ်စာတမ်းတွေ၊ အချက်တွေကို အများပြည်သူက သိသာပွင့်လင်းမှုရှိရှိ သိခွင့်ရမယ်ဆိုရင် နိုင်ငံတော်အတွက်ကော၊ ဒေသခံအတွက်ကော၊ သဘာဝသယံဇာတတွေ ကာကွယ်တဲ့အတွက်ပါ အကျိုးရှိမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ထူထောင်စနိုင်ငံဖြစ်တဲ့အတွက် အလိုအပ်ဆုံး ဟာ Development လို့ခေါ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်တဲ့ နေရာမှာ သဘာဝသယံဇာတတွေကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ တခြားဆက်စပ်ဥပဒေတွေကို လိုက်နာဖို့အထူးလိုအပ်လှပါတယ်။ သိသာ ပွင့်လင်းမှုစနစ်တွေသာ ရှိနေမယ်ဆိုရင် အမြဲတမ်း ဒွန်တွဲ၊ လွန်ဆွဲပြီး အားပြိုင်နေတဲ့ Development နှင့် Environment ဖွံ့ဖြိုးရေးကိစ္စနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာဆိုတဲ့ အချက်နှစ်ချက်ကို ထိန်းညှိပြီး နိုင်ငံတိုးတက်ရေး၊ သယံဇာတထိန်းသိမ်းကာကွယ်ရေးကို ထိထိရောက်ရောက် လုပ်ဆောင် နိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် သဘာဝအရင်းအမြစ်ဆိုတာဟာ မကုန်ခန်းနိုင်တဲ့ အရင်းအမြစ် တွေမဟုတ်ပါဘူး။ အတိုင်းအတာအကန့်အသတ်ရှိပြီး တစ်ချိန်ချိန်မှာ ကုန်ခန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မျိုးဆက်မှာလည်း အကျိုးရှိရှိ သုံးနိုင်အောင်နဲ့ နောင်မျိုးဆက်အတွက်လည်း ချန်ပြီးတော့ ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ SDG Goals လို့ခေါ်တဲ့ Sustainable Development Goal ရေရှည်ခံ ဖွံ့ဖြိုးရေးရည်မှန်းချက်အတိုင်း လုပ်ဆောင်သွားဖို့ လိုပါတယ်။ ဒါကြောင့် အနာဂတ်မြန်မာပြည်အတွက် အဖိုးတန် သယံဇာတတွေနဲ့ တိုင်းပြည်ကို အကျိုးပြုနိုင်အောင် ဒီ အဖိုးတန်သယံဇာတတွေကို ကျွန်တော်တို့ အားလုံးက ကြိုတင်ကာကွယ်ထိန်းသိမ်းကြမှ ဖြစ်တော့ မယ်လို့ တပ်လှန့်နှိုးဆော်ရင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေချစ် တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်ဆိုသည့် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုအား ယေဘုယျသဘောဖြင့် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။　။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် တင်သွင်းသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံနှင့်တစ်ဝန်း သဘာဝသယံဇာတ ထုတ်ယူမှုသည် လောဘသားတို့ရဲ့ စည်းမဲ့ကမ်းမဲ့ ထုတ်ယူမှုကြောင့် နောင်အခါ ဆိုးကျိုးများ ခံစားရမည်ကို စိုးရိမ်ဖွယ်ရာရှိပြီး၊ နောင်အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းကာ အဆိုတင်သွင်းခြင်းဟု သုံးသပ်မိပါတယ်။ ကျွန်တော့်အနေဖြင့် ဦးဖေချစ် တင်သွင်းသောအဆိုအား မိမိဒေသ ကယားပြည်နယ်တွင် သယံဇာတတူးဖော်သုံးစွဲတဲ့ အခြေအနေများအရ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားများအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်ဒေသတွင် နေထိုင်ရောက်ရှိနေစေကာမူ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို၊ ကိုယ့်ဇာတိမြေကို ချစ်မြတ်နိုးကြမည် ဖြစ်သည့်အတွက် ကျွန်တော်သည်လည်း မိမိမွေးရပ်မြေဇာတိဖြစ်သည့် ကျေးဇူးရှင် ကယားပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတ ထုတ်ယူမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်ထောင်စုအစိုးရမှ ကာကွယ်စောင့်ရှောက်ပေးစေလိုပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်ဟာ အသေးငယ်ဆုံးနဲ့ လူဦးရေ အနည်းဆုံးသော ပြည်နယ်တစ်ခုဖြစ်ပြီး အဖိုးတန်လှသော ကျွန်း၊ သစ်မာမျိုးစုံ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ သံရိုင်း၊ ကလီနာ၊ စလင်းစသော သတ္တုမျိုးပေါင်းများစွာ ထွက်ရှိရာဒေသဖြစ်ပါတယ်။ ၎င်း သတ္တုအမျိုးပေါင်း များစွာထဲမှ မော်ချီး၊ ခဲမဖြူ၊ အဖြိုက်နက် ထုတ်လုပ်မှုသည် လက်ရှိဧကပေါင်း (၇၂၀၀)ကျော်ကို ကုမ္ပဏီတစ်ခုမှ လက်ဝါးကြီးအုပ် ထုတ်လုပ်ခဲ့သည်မှာ (၁၀)စုနှစ် တစ်ခုကျော်ရှိနေပြီဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မဆောင်ရွက်ဘဲ တစ်ဖက်သတ် ထုတ်လုပ်မှုသာရှိသဖြင့် ၂၀၁၅ ခုနှစ်တွင် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။


ကျွန်းသစ်ထုတ်လုပ်မှု အပိုင်းတွင်လည်း တစ်ချိန်က မြန်မာနိုင်ငံသားမဟုတ်တဲ့ လူမျိုးခြားတစ်ဦးနဲ့ ခေတ်တစ်ခေတ်ရဲ့ အာဏာပိုင်များနဲ့ ပူးပေါင်းကာ ကယားအမည်နာမကို သုံးစွဲပြီးတော့မှ တစ်ဖက်နိုင်ငံသို့ အကန့်အသတ်မရှိ သစ်ထုတ်လုပ်ခဲ့ပါသဖြင့် ကြီးပွားသွားခဲ့ကြပါတယ်။ ကယားပြည်နယ်သူ၊ ပြည်နယ်သားများကတော့ သဘာဝဘေးဒဏ်နဲ့ ဆိုးကျိုးများကို ယနေ့တိုင် ခံစားနေရပါတယ်။ စကားကြီး၊ စကားကျယ်ပြောရမယ်ဆိုရင်တော့ သယံဇာတများရဲ့ ထောင်ချောက်ကြောင့် ပြည်တွင်း

စစ်မီး တောက်လောင်နေတာကို မဟုတ်ပါဘူးလို့ ဘယ်သူက ငြင်းရဲမှာလဲ။ အဲဒီတော့ ညီညီမျှမျှ ခွဲဝေယူပြီးတော့မှ ထိန်းထိန်းသိမ်းသိမ်းသာ ရှိခဲ့မယ်ဆိုရင် ရန်ဖြစ်စရာ အကြောင်းလည်း မရှိပါဘူး။ လက်ဆွဲနှုတ်ဆက်ဖို့ ဘာကိုတွန့်ဆုတ်နေကြတာလဲ။ ကျွန်တော်တို့ အနာဂတ်ဟာ အောက်ကျနောက်ကျ နိုင်လွန်းပါပြီ၊ ငြိမ်းချမ်းချင်ပြီလေ။


လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းဆိုအပ်ပါတယ်။ Power Point မှာ ဖော်ပြထားတဲ့ အချက်များကတော့ ဂျပန်ခေတ်ပြီး စစ်အေးကာလရောက်တဲ့ အချိန်မှာ ဂျပန်စစ်လျော်ကြေးနဲ့ ဆောက်တည်ခဲ့တဲ့ လောပိတရေအားလျှပ်စစ်ဖြင့် လည်ပတ်အသုံးပြုနိုင်တဲ့ မှတ်တမ်းလေးတွေ ဖြစ်ပါတယ်။ သဘာဝသယံဇာတဟု ခေါ်ဆိုရာတွင် ရေသည်လည်း လူတို့အတွက် အင်မတန်အရေးကြီးသော သဘာဝပေးထားသည့် ရေအရင်းအမြစ်ပင်ဖြစ်သည်။ ကယားပြည်နယ်တွင် တည်ဆောက်ထားသော လောပိတရေအားလျှပ်စစ်စက်ရုံသည် ရာစုနှစ်တစ်ဝက်ကျော် တည်ရှိခဲ့ပါပြီ။ ၎င်း စက်ရုံနဲ့အတူ တည်ဆောက်ခဲ့တဲ့ လောပိတရေအားလျှပ်စစ်သည် ကယားပြည်နယ် တစ်စိတ်တစ်ဒေသရဲ့ အကျိုးမဟုတ်ဘဲ မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ အကျိုးပြုလျက်ရှိသော ကျေးဇူးရှင် သဘာဝရေအရင်းအမြစ်မှ ရရှိသော အရာဖြစ်ပါတယ်။ တချို့နိုင်ငံများရှိတဲ့ စက်ရုံ များဟာ အဆင့်မြှင့်တင်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ မဂ္ဂါဝပ်သောင်းကျော် ထုတ်လုပ်ဖြန့်ဝေနိုင်တဲ့ စက်ရုံများဖြစ်ကြပါသည်။ ကျွန်တော်တို့ ပြည်နယ်မှာရှိတဲ့ စက်ရုံကတော့ ပြင်ထိန်းစနစ်ဖြစ်တဲ့ ဆောင်ရွက်ချက်တွေနဲ့ စတင်တည်ဆောက်စဉ်ကတည်းက အခုအချိန်အထိဟာ မဂ္ဂါဝပ်လက်ရှိအတိုင်း ဖြစ်နေတာကို ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်တိုးတက်စေရေးကို မျှော်ရည်ဆောင်ရွက်မှုအားနည်းခဲ့သည်မှာ အမှန်ပင်ဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတစ်ရပ်၊ တစ်ခု ဆောင်ရွက်ရာမှာ ဂေဟစနစ် အနည်းနဲ့အများ ပျက်စီးသောကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ရှိပြီးသော စီမံကိန်းလုပ်ငန်းများကို ခေတ်နဲ့အညီ အဆင့်မြှင့်တင်ခြင်းသည် အကောင်းဆုံးဖြစ်သလို သဘာဝတရားကိုလည်း စောင့်ရှောက်မှုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကယားပြည်နယ်မှာ ထွက်ရှိနေတဲ့ ခဲ၊ ခနောက်စိမ်းတို့ဟာ ကုန်ကြမ်းအဖြစ် ရောင်းဝယ်ပြုမှု မလုပ်ဘဲနဲ့ ထိန်းသိမ်းစောင့်ရှောက်ပြီး အဖိုးတန်ကုန်ချော ထုတ်လုပ်နိုင်သောအဆင့်အထိ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ စီမံဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရှိ သဘာဝသယံဇာတများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမယ့်အပြင် ရေသယံဇာတများ အားကိုးအားထားရာ အကောင်းဆုံးအရင်းအမြစ်ဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ်ကိုလည်း စောင့်ရှောက်သင့်ပါတယ်။ မြန်မာနိုင်ငံသားအချင်းချင်း အာဏာလု တိုက်ခိုက်နေမယ့်အစား အေးအတူ၊ ပူအမျှ အညီအမျှ ခွဲဝေခံစားခြင်းနဲ့အတူ မိမိတို့ရဲ့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးစွာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံတော် တည်ဆောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းမည်ဆိုရင်တော့ မိမိတို့ရဲ့ မြန်မာနိုင်ငံကြီးထဲမှာ ပေါကြွယ်ဝလှတဲ့ မြေပေါ်မြေအောက် သယံဇာတနဲ့အတူ ငြိမ်းချမ်းသောနိုင်ငံတော်ဆီသို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ တိုက်တွန်းရင်း ဦးဖေချစ် ရဲ့ အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


၁၉၆၀ ခုနှစ် ဂျပန်ပညာရှင်များမှ စစ်လျော်ကြေးအဖြစ် တည်ဆောက်ခဲ့သော လုပ်ငန်းအပိုင်းများ မြင်ကွင်းပုံ (မ)



အမှတ်(၂)စက်ရုံအတွင်းရှိ စက်ယန္တရားများ မြင်ကွင်းပုံ (မ-၁)



စက်ရုံလည်ပတ်နိုင်ရန် ရေအရင်းအမြစ် စတင်ထိန်းသိမ်း ပို့လွှတ်သောနေရာ မြင်ကွင်းပုံ (မ-၂)



**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၉။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် တင်သွင်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံ ဖြစ်တာကြောင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဖူဖူလုံလုံ တိုးတက်တဲ့ဘဝကို ရရှိပိုင်ဆိုင်ရမှာဖြစ်ပေမယ့် စီမံခန့်ခွဲမှုလွဲမှားသောကြောင့် နိုင်ငံရဲ့ ပြည်နယ်တချို့နဲ့ တိုင်းများမှာ သဘာဝသယံဇာတ ကျိန်စာလို့ ပြောရလောက်အောင်ပင် သဘာဝသယံဇာတ ထွက်ရှိတဲ့နေရာများမှာ နေထိုင်ကြတဲ့ ပြည်သူများအနေဖြင့် ပဋိပက္ခများအပေါ်မှာ မြေဇာပင်များအဖြစ် လူမှုဒုက္ခမျိုးစုံကို ခံစားရလျက်ရှိဆဲပါ။ ဒါ့အပြင် မြန်မာနိုင်ငံဟာ တန်ဖိုးကြီး သယံဇာတ အမြောက်အမြား ထွက်ရှိသော်လည်းပဲ နိုင်ငံသားတို့၏ တိုးတက်ဖွံ့ဖြိုးမှုအဆင့်ဟာ နိမ့်ကျနေဆဲဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားသည့်အတိုင်း ကျွန်မတို့ နိုင်ငံအနေဖြင့် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် သဘာဝသယံဇာတများအား ထိန်းသိမ်းကာကွယ်ခြင်း၊ စနစ်တကျစီမံကိန်းများချမှတ်ကာ သက်ဆိုင်ရာ

ဝန်ကြီးဌာနများအနေဖြင့် အချိန်မီ မဆောင်ရွက်ပါက မဝေးတော့တဲ့ အနာဂတ်မှာ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းတဲ့အခါမှာ ပိုမိုခက်ခဲသွားမှာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ သဘာဝသယံဇာတ စီမံခန့်ခွဲမှု အညွှန်းကိန်းအရ သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု နိုင်ငံအလိုက် ရမှတ်များနှင့် အဆင့်သတ်မှတ်မှုများအပေါ်တွင် ကမ္ဘာပေါ်မှာ (၈၉)နိုင်ငံကို ဖော်ပြရာမှာ မြန်မာနိုင်ငံဟာ ရမှတ်(၂၇)မှတ်နဲ့ အဆင့်(၈၃)မှာ ရှိနေခြင်းက သဘာဝသယံဇာတကို ထိန်းသိမ်းဖို့ လိုအပ်ကြောင်း ထင်ဟပ်နေပါတယ်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတ စီမံခန့်ခွဲတဲ့ ကဏ္ဍမှာ မှန်ကန်ကောင်းမွန်တဲ့ စီမံခန့်ခွဲမှု (Good Governance) ခိုင်မာရန် လိုအပ်ပြီးတော့ မှန်ကန်ကောင်းမွန်မှု စနစ်အပေါ်မှာမှ နည်းဥပဒေကောင်းများရှိသကဲ့သို့ ယင်းကို အသက်သွင်းရန် ခိုင်မာတဲ့ ထိန်းကျောင်း စောင့်ကြည့်မှုများ (Strong Oversight) လည်းရှိရန် လိုအပ်ပါတယ်။ လက်တွေ့ ဆောင်ရွက်နိုင်စွမ်း (Competence) နဲ့ အစိုးရအနေဖြင့် ဆောင်ရွက်လိုစိတ် (Willingness) တွေ ပေါင်းစပ်မယ်ဆိုလို့ရှိရင် အခြေအနေကောင်းများဖန်တီးပြီး ဒီလိုအပ်တဲ့ ရလဒ်တွေကို ရရှိလာမှာ ဖြစ်ပါတယ်။ အတိတ်ကာလများက သယံဇာတများ ထုတ်ယူသည့် စီမံကိန်းများ၊ ပုံစံစနစ်များကို လက်လှမ်းမီသလောက် လေ့လာကြည့်မယ်ဆိုလို့ရှိရင်တော့ နိုင်ငံကို အကျိုးပြုတဲ့၊ ပြည်သူကို အကျိုးပြုတဲ့ စီမံကိန်းရယ်လို့ စံအဖြစ်သတ်မှတ်မှု တစ်ခုမှမတွေ့ရပါဘူး။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ အလျဉ်းသင့်လို့ ကျွန်မရဲ့ မဲဆန္ဒနယ် အပါအဝင် ရခိုင်ပြည်နယ် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကဏ္ဍကို ဆွေးနွေးချင်ပါတယ်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ရခိုင်ကမ်းလွန်ဒေသတွေမှာ တန်ဖိုးမြင့်သဘာဝ သယံဇာတများ ဖြစ်ကြတဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိမှုကြောင့် ရခိုင်ပြည်နယ် အတွင်းသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်း အလုံးအရင်းနဲ့ ဝင်ရောက်ခဲ့ပါတယ်။ လက်ရှိ အခြေအနေ ဖွံ့ဖြိုးရေးအမည်ခံ ရေနက်ဆိပ်ကမ်း စီမံကိန်းများ၊ အထူးစီးပွားရေးစက်မှုဇုန်များ၊ ဟိုတယ်ဇုန်များနဲ့ စိုက်ပျိုးရေးစီမံကိန်း၊ သတ္တုတူးဖော်ခြင်း စီမံကိန်းများ၊ ရေအားလျှပ်စစ် စီမံကိန်းများကို ရခိုင်ပြည်နယ်တစ်ဝန်းမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားတဲ့အပေါ်မှာ ရေနက်ဆိပ်ကမ်း၊ ရထားလမ်း၊ လေယာဉ်ကွင်းနှင့် စက်မှုဇုန်များကနေပြီးတော့ အထူးစက်မှုဇုန်များ တည်ဆောက်ဖို့အတွက် သဘောတူထားကြောင်း ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ် ကမ်းရိုးတန်းဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်နေသော မြန်မာ့ဒုတိယအကြီးဆုံး သဘာဝဒီရေတော၊ လမုတောကြီးဖြစ်သော ဝမ်ဖိုက် ဒီရေတောကြီးဟာ ဒီ စက်မှုဇုန်တွေကြောင့် ပျက်စီးနိုင်ချေရှိပြီးတော့ ထောင်ပေါင်းများစွာသော ဒေသခံပြည်သူများ လူမှုဘဝ ကျန်းမာရေးအပေါ်မှာ ဆိုးကျိုးများသက်ရောက်နိုင်ကြောင်း ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ (Arakan Oil Watch) က The Danger Zone ဆိုတဲ့ စာအုပ်မှာ ဖော်ပြထားရှိပါတယ်။

ရခိုင်ပြည်နယ်ဟာ ကမ်းလွန်မှ ထွက်ရှိတဲ့ သဘာဝသယံဇာတ ရွှေသဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုအပါအဝင် တခြားသော ရခိုင်ပြည်နယ်အတွင်း အကြီးစားနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားဝင်ငွေများကို မြန်မာနိုင်ငံအတွက် အများဆုံးရှာပေးနေသော ပြည်နယ် တစ်ခုဖြစ်ပေမယ့် ရခိုင်ပြည်နယ်ဟာ ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်နယ်တစ်ခု ဦးမော့လာနိုင်ခြင်း မရှိတဲ့အပြင် သဘာဝသယံဇာတ စိန်ခေါ်ချက်တို့ဖြင့် အဲဒီစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ရခိုင်

လူထုဘဝ စီးပွားရေးအပေါ်မှာ ဆိုးကျိုးသက်ရောက်မှုများ ရှိနေပြီးတော့ နစ်နာဆုံးရှုံးမှု၊ သဘာဝ ပတ်ဝန်းကျင် ဂေဟစနစ် ပျက်စီးမှုတို့နဲ့ ရင်ဆိုင်ရဆဲ ဖြစ်ပါတယ်။ မြန်မာ-တရုတ် ရေနံနဲ့ သဘာဝ ပိုက်လိုင်းဟာ တိုင်းနဲ့ပြည်နယ်(၄)ခုကို ဖြတ်သန်းသွားပြီးတော့ ရခိုင်ပြည်နယ်မှာ ကျောက်ဖြူနဲ့ ကျွန်မရဲ့ မဲဆန္ဒနယ် အမ်းမြို့နယ် ပါဝင်ပါတယ်။ ပိုက်လိုင်းစီမံကိန်းကြောင့် အမ်းမြို့နယ်မှာ လယ်ယာဆုံးရှုံးမှုများ များစွာရှိခဲ့သလို သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှာ ပွင့်လင်းမြင်သာမှု (EITI) Framework မရှိတဲ့အပြင် EITI / SIA စစ်တမ်းများ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့မှုကြောင့် ပြည်သူများ ယနေ့တိုင် ထိခိုက်နေဆဲ ဖြစ်ပါတယ်။

ရခိုင်ကမ်းလွန်မှာ ထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ဆောက်လုပ်ခဲ့တဲ့ မြန်မာ-တရုတ် ရေနံသဘာဝပိုက်လိုင်းများ ဖြတ်သန်းသွားရာ နေရာတစ်ဝိုက်မှာ ဆိုလို့ရှိရင် သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာများပျက်စီးခြင်း၊ မိုးရာသီမှာ မြေပြိုခြင်း၊ ရေဝပ်ခြင်း၊ ရေပိတ်ခြင်းများနဲ့ သဘာဝဂေဟစနစ်များ ပျက်စီးဆုံးရှုံးနေမှုကြောင့် ကျွန်မရဲ့ အမ်းမြို့နယ်ဆိုလို့ရှိရင် နှစ်စဉ် ရေကြီးရေလျှံ ဖြစ်ပွားပြီးတော့ ပြည်သူများ အတိဒုက္ခရောက်လျက် ရှိပါတယ်။ ဒါ့အပြင် အမ်းမြို့နယ် အပါအဝင် မြန်မာနိုင်ငံရှိ တခြားသောမြို့နယ်များမှာ တရားမဝင် သစ်မှောင်ခို ထုတ်လုပ်မှုကြောင့် အမ်းမြို့နယ် အပါအဝင် တခြားနေရာတွေမှာပါ မှောင်ခိုထုတ်လုပ်မှုတွေ ဆက်တိုက်ဖြစ်နေတာတွေကို ကျွန်မတို့ နေ့စဉ်ထုတ် သတင်းစာတွေမှာ တွေ့ရတဲ့အတွက်ကြောင့် ဒါကို အစိုးရအနေနဲ့ အရေးယူဆောင်ရွက်မှု အားနည်းနေဆဲလို့ ထောက်ပြချင်ပါတယ်။

ကျွန်မရဲ့ အမ်းမြို့နယ်မှာ ဆိုလို့ရှိရင် သစ်တောများ၊ ဝါးတောများ ပြုန်းတီးသွားခြင်းကြောင့် တောင်ကတုံးများကို အချိန်မီထိန်းသိမ်းရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။ တစ်ဆက်တည်းမှာပင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ အငူမော်ဒေသမှာ ထွက်ရှိတဲ့ တိုက်တေနီယမ် သတ္တုစမ်းသပ်မှု တူးဖော်ရေးလုပ်ငန်းကိုလည်း ပွင့်လင်းမြင်သာမှုရှိဖို့ကို ပြည်သူများက ထောက်ပြနေကြပါတယ်။ အလားတူ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသမှာရှိတဲ့ စကျင်ကျောက် မာဘယ်အလှဆင် ကျောက်တုံး ကျောက်သားထုတ်လုပ်တဲ့ နေရာမှာလည်း ပွင့်လင်းမြင်သာမှုမရှိကြောင်း ပြည်သူများက တင်ပြကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့်မိုလို့ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်အစားထိုး ဖြည့်တင်း၍ မရသော သဘာဝသယံဇာတများဖြစ်တဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်နဲ့ ကျောက်မျက်ရတနာများအား ပြည်သူ့အကျိုးဖြစ်ထွန်းစေရန် မူဝါဒများ မပြည့်စုံသရွေ့ ထုတ်လုပ်မှုများအား ဆိုင်းငံ့ရန်လိုအပ်ပြီး သဘာဝသစ်တောများ ပြုန်းတီးခြင်းနဲ့ ပတ်သက်၍ ဇုန်များ စနစ်တကျ အစားထိုးစိုက်ပျိုးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် အချိန်မီဆောင်ရွက်ရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ထိန်းသိမ်းခြင်း ဆိုသည်မှာလည်း မလိုအပ်ဘဲ ထုတ်လုပ်တာ၊ အလွန်အကျွံ ထုတ်လုပ်ခြင်းစသည်တို့ကို ဆောင်ရွက် သင့်ပြီး ကာကွယ်ခြင်း အနေအားဖြင့် တရားမဝင်မထုတ်လုပ်အောင် ဆောင်ရွက်ခြင်းများကိုလည်း ကြပ်မတ်သင့်ပါတယ်။ ဒါ့အပြင် သဘာဝသယံဇာတများ ပျက်စီးအောင် တရားမဝင်သော နည်းလမ်း တစ်မျိုးမျိုးဖြင့် အကျိုးစီးပွားဆောင်ရွက်လျက်ရှိသော မည်သည့်အဖွဲ့အစည်း၊ မည်သူကိုမဆို စံပြ အနေဖြင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန် ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]